# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**နိဗ္ဗာန်ကမ်းတစ်ဖက်သို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ **ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)**


၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၁၂ ရက် | ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၁၂ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၄)၊ အမှတ် (၀၇၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားများကျင်းပ



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး မီတာ ၄၀၀ တန်းကျော် အပြေးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ကစားသမားများ ယှဉ်ပြိုင်စဉ်။

နေပြည်တော် ဒီဇင်ဘာ ၁၁

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲများ၏ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားများကို ယနေ့တွင် နေပြည်တော်ရှိ သက်ဆိုင်ရာ အားကစားကွင်းနှင့် အားကစားရုံများ၌ ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင်များ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများ ချီးမြှင့်ကြသည်။

ဦးစွာ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ဂေါက်ကွင်း၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ညိုစော၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန


*စာမျက်နှာ ၃ ကော်လံ ၁ ❍*




ပြည်နယ်နှင့် တိုင်းဒေသကြီး ပြေးခုန်ပစ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။




ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒို အတိုက်ပြိုင်ပွဲတွင် အမျိုးသမီး (၅၁-၅၆) ကီလိုတန်းမှ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်ကိုယ်စားပြုပြိုင်ပွဲဝင်တို့ ယှဉ်ပြိုင်ထိုးသတ်စဉ်။

# သိက္ခာရှိရှိ ကောင်းရောင်းကောင်းဝယ်

အဖိုးတန်သတ္တုဖြစ်သည့် ရွှေသည် ကမ္ဘာ့နိုင်ငံများစွာတို့တွင် သုံးစွဲနေကြသည့် ငွေကြေးများ၏ ကျောထောက်နောက်ခံဖြစ်ပြီး လုံခြုံမှုရှိ၍ ယုံကြည်စိတ်ချရသော ပိုင်ဆိုင်မှုလည်းဖြစ်သည်။ အကြောင်းတရားအမျိုးမျိုးကြောင့် ရွှေဈေးနှုန်းအတက်အကျဖြစ်ပေါ်သည့်တိုင်အောင် ကာလရှည်တွင်မူ ရွှေဈေးနှုန်းသည် ဖြည်းဖြည်းမှန်မှန် တိုးတက်မြဲပင်ဖြစ်သည်။ ကမ္ဘာ့နိုင်ငံရေးနှင့် စီးပွားရေး အခြေအနေများသည် အပြန်အလှန်ဆက်စပ်နေသကဲ့သို့ ကမ္ဘာ့ရွှေဈေးကွက်အပေါ်တွင်လည်း လွှမ်းမိုးမှုရှိသည်။ နိုင်ငံရေး၊ စီးပွားရေးအကျပ်အတည်းကာလများတွင် ရွှေသည် ဆုံးရှုံးမှုကို ကာကွယ်နိုင်ပြီး ခိုင်မာသော ပိုင်ဆိုင်မှုအဖြစ်လည်း ရှုမြင်ထားကြသည်။

ယခုနှစ်အစောပိုင်းကာလမှစတင်၍ ကမ္ဘာ့ရွှေဈေးနှုန်းသည် ၂၃ ရာခိုင်နှုန်းထက်မနည်း မြင့်တက်ခဲ့ကာ နှစ်လယ်ကာလမတိုင်မီမှာပင် ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၂၄၅၀ အထိ ရောက်ရှိသွားခဲ့ရာ မကြုံစဖူး အမြင့်ဆုံးဈေးနှုန်းဟု ဆိုကြသည်။ ရုရှားနှင့် ယူကရိန်း၊ အစ္စရေးနှင့်ဟားမားစ်တို့၏ ပဋိပက္ခများအပါအဝင် မြင့်တက်လာသည့် တင်းမာမှုများက ရင်းနှီးမြှုပ်နှံသူများကို အရင်းမပျောက် ခိုင်မာသော ရင်းနှီးမြှုပ်နှံမှုဖြစ်သည့် ရွှေဘက်ဆီသို့ ဦးလှည့်သွားစေခဲ့သည်ဟု စီးပွားရေးသုတေသီတို့က ဆိုကြသည်။ ထို့အပြင် BRICS နိုင်ငံများအပါအဝင် နိုင်ငံများစွာတို့က အမေရိကန်ဒေါ်လာ၏ ကမ္ဘာတစ်ဝန်းလွှမ်းမိုးမှုကို လျှော့ချပြီး ၎င်းတို့၏ အရန်ငွေကြေးပိုင်ဆိုင်မှုများတွင် ဒေါ်လာအစား ပြည်တွင်းသုံးငွေနှင့် ရွှေကို အစားထိုးလာကြခြင်းကလည်း ကမ္ဘာ့ရွှေဈေးနှုန်းကို မြင့်မားစေသည်ဟု ဆိုသည်။ လာမည့် ၂၀၂၅ ခုနှစ်တွင်လည်း ကမ္ဘာ့ရွှေဈေးသည် ဆက်လက်မြင့်တက်သွားမည်ဟု ခန့်မှန်းထားကြသည်။

မြန်မာနိုင်ငံ၏ ရွှေဈေးအတက်အကျမှာ ကမ္ဘာ့ရွှေဈေးအတက်အကျ၊ နိုင်ငံခြားငွေလဲလှယ်နှုန်း၊ ပြည်တွင်းပြည်ပနိုင်ငံရေး၊ စီးပွားရေးအခြေအနေများပေါ်မူတည်၍ ရွှေရောင်းလိုအားနှင့်ဝယ်လိုအား၊ ပြည်တွင်းရွှေတူးဖော်ထုတ်လုပ်မှု စသည်တို့အပေါ်တွင် ယေဘုယျအားဖြင့် မူတည်လျက်ရှိသကဲ့သို့ ရွှေဈေးကွက်အတွင်း လက်မည်းကြီးများဟု ဆိုကြသည့် တရားမဝင်အုပ်စုများက ဝင်ရောက်ဈေးကစားမှုများကြောင့် ပုံမှန်မဟုတ်သော၊ ကျိုးကြောင်းဆီလျော်မှုမရှိသော ရွှေဈေးနှုန်းများဖြစ်ပေါ်လာစေကြောင်း ကျွမ်းကျင်သူများက ပြောကြားကြသည်။ မိမိတို့နိုင်ငံတွင် ပြည်ပသို့ ပို့ကုန်ပိုမိုတိုးမြှင့်နိုင်ရေးအတွက် ပြည်တွင်းကုန်ထုတ်လုပ်မှု တိုးတက်စေရန် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ ကုန်ချောထုတ်လုပ်ရေးလုပ်ငန်းများ၊ MSME လုပ်ငန်းများတွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်ကြရန် နိုင်ငံတော်အစိုးရက တိုက်တွန်းအားပေးလျက်ရှိသည်။

သို့ရာတွင် ရင်းနှီးမြှုပ်နှံသူများက ထုတ်လုပ်မှုထက် ကုန်သွယ်မှုကိုသာ ပိုမိုပြုလုပ်လိုကြသည်ကိုတွေ့ရပြီး တရားမဝင်ကုန်သွယ်မှုပမာဏ ကြီးမားနေသည်ကိုလည်း တွေ့ရသည်။ ထို့အပြင် ပုံမှန်စီးပွားရေးမဟုတ်သော ကုန်ပစ္စည်းများ ဝယ်ယူသိုလှောင်၍ ဈေးကစားရောင်းချသည့် “ရိုက်စား” ခေါ် ဝိသမလောဘစီးပွားရေးကို တစ်ယောက်ချင်း၊ နှစ်ယောက်ချင်းမှသည် အုပ်စုဖြင့်ပြုလုပ်ကြကြောင်းကိုလည်း သိရှိရသည်။ ယင်းသို့သော အပြုအမူများကို ပြုလုပ်ခြင်းက ဈေးကွက်ကို ကမောက်ကမဖြစ်စေပြီး ပြည်တွင်းစီးပွားရေးကို မတည်မငြိမ်ဖြစ်စေသည်။ စီးပွားရေးနှင့် ဆက်စပ်လျက်ရှိသည့် နိုင်ငံရေးအပေါ်တွင်လည်း သက်ရောက်မှုဖြစ်ပေါ်စေသည်။

ဓာတ်သတ္တု(ရွှေ) ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရန်အတွက် လုပ်ငန်းလိုင်စင်လျှောက်ထားရယူရန်နှင့် သတ်မှတ်ထားသည့် စည်းကမ်းချက်များကို မလိုက်နာပါက အရေးကြီး ကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း သက်ဆိုင်ရာဝန်ကြီးဌာနက ပြီးခဲ့သည့်အောက်တိုဘာလအတွင်းက အသိပေးကြေညာထားခဲ့သလို ယခုလဆန်းပိုင်းမှစ၍လည်း ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate) ကို နိုင်ငံပိုင်မီဒီယာများ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အင်တာနက်စာမျက်နှာနှင့် ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း(YEGA) ၏ Facebook စာမျက်နှာတို့တွင် နေ့စဉ်ထုတ်ပြန်ပေးလျက်ရှိသည်။ သို့ဖြစ်ရာ ရွှေရောင်းဝယ်ခြင်းလုပ်ငန်းသည် လုပ်ငန်းလိုင်စင် လိုအပ်မည်ဖြစ်သကဲ့သို့ ရည်ညွှန်းဈေးဖြင့်သာ ရောင်းဝယ်ခြင်းပြုကြရမည်ဖြစ်ရာ ဥပဒေအမိန့်ညွှန်ကြားချက်များနှင့်အညီ သိက္ခာသမာဓိရှိရှိ ကောင်းရောင်းကောင်းဝယ်ပြုကြခြင်းဖြင့် နိုင်ငံအကျိုး မိမိအကျိုး ဖွံ့ဖြိုးနိုင်ကြပါစေကြောင်း။ ။



သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

သမဝါယမဦးစီးဌာန နှစ်(၁၂၀)ပြည့် နှစ်ပတ်လည်နေ့

“လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေး သမဝါယမက ဆောင်ရွက်ပေး”

(၁၈.၁၂.၂၀၂၄)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂ - ၁၂ - ၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၆၅ | ၂၁၄၅ | ၂၁၂၀ | ၂၀၇၅ | ၂၁၄၅ | ၂၁၆၀ | ၂၁၇၀ | ၂၁၂၅ | ၄၅၀၅ | ၂၂၈၀ | ၂၁၃၅ | ၂၁၅၀ | ၂၁၈၀ | ၂၁၇၀ | ၂၁၈၅ | ၃၅၈၅ | ၃၉၅၀ |
| 95 Ron | ၂၁၈၀ | ၂၂၆၀ | ၂၂၃၅ | ၂၁၈၅ | ၂၂၆၀ | ၂၂၇၅ | ၂၂၈၅ | ၂၂၄၀ | ၄၅၆၀ | ၃၃၉၅ | ၂၂၅၀ | ၂၂၆၅ | ၂၂၉၅ | ၂၂၈၅ | ၂၂၉၅ | ၃၇၀၀ | ၄၀၀၀ |
| HSD (500 ppm) | ၂၆၃၀ | ၂၇၀၀ | ၂၆၈၅ | ၂၆၄၀ | ၂၇၀၀ | ၂၇၂၅ | ၂၇၃၅ | ၂၆၉၀ | - | ၂၈၅၀ | ၂၇၀၀ | ၂၇၁၅ | ၂၇၇၀ | ၂၇၃၅ | ၂၇၂၀ | ၃၁၅၀ | ၃၉၅၀ |
| HSD (50 ppm) | ၃၂၇၅ | ၃၃၅၅ | ၃၃၃၀ | ၃၂၈၀ | ၃၃၅၅ | ၃၃၇၀ | ၃၃၈၀ | ၃၃၃၅ | ၄၈၃၀ | ၃၄၉၀ | ၃၃၄၅ | ၃၃၆၀ | ၃၃၉၀ | ၃၃၈၀ | ၃၃၉၀ | ၃၇၉၅ | - |
| HSD (10 ppm) | ၃၂၇၅ | ၃၃၅၅ | ၃၃၃၀ | ၃၂၈၀ | ၃၃၅၅ | ၃၃၇၀ | ၃၃၈၀ | ၃၃၃၅ | - | ၃၄၉၀ | ၃၃၄၅ | ၃၃၆၀ | ၃၃၉၀ | ၃၃၈၀ | ၃၃၉၀ | ၃၇၉၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၀၆ | ၂၉၉၇ |
| 95 Ron | ၃၀၁၆ | ၃၁၁၀ |
| HSD (500 ppm) | ၂၄၈၅ | ၂၅၆၄ |
| HSD (50 ppm) | ၃၀၀၈ | ၃၂၀၀ |
| HSD (10 ppm) | ၃၀၀၈ | ၃၂၀၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ၁၁ - ၁၂ - ၂၀၂၄ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ **ဈေးနှုန်း** (၅,၃၈၀,၀၀၀) ကျပ်

(ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ)

## အင်အားအနည်းငယ်ရှိ ငလျင်လှုပ်

နေပြည်တော် ဒီဇင်ဘာ ၁၁-ယနေ့နံနက် မြန်မာစံတော်ချိန် ၁၀ နာရီ ၂၆ မိနစ် စက္ကန့် ၂၀ အချိန်တွင် ကျိုင်းတုံမြေငလျင်စခန်းမှ တောင်-အရှေ့ တောင်ဘက် မိုင် ၂၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မိုင်းဖြတ်မြို့၏ အနောက်မြောက်ဘက် မိုင် ၂၀ ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၁ ဒသမ ၀၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၉ ဒသမ ၆၅ ဒီဂရီ၊ အနက် ၃၈ ကီလိုမီတာ ခန့်ကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၃ ဒသမ ၁ အဆင့်ရှိ အင်အား အနည်းငယ်ရှိသော မြေငလျင်လှုပ်သွားကြောင်း တိုင်းထွာရရှိသည်။ မိုး/ဇလ

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် ဒီဇင်ဘာ ၁၁
မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။ မိုး/ဇလ


မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | စိုးစိုးနိုင် | သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းမှူး | - | မြင့်စိုး | အကြီးတန်း | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| စာတည်းများ | - | ဝင်းကျော်၊ နေဇာဇာထွန်း | သတင်းထောက်များ | | ဟိန်းထက်ဖော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | | |
| စာပြင် | - | ဇော်မင်းသန်းနှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS


MYANMAR Digital News Presented by NPE www.mdn.gov.mm

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

○ *ရွှေဖုံးမှ*

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးက Hole in One Prize ဆုရရှိသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းမှ ဦးမျိုးလွင်ဦးအား ဂုဏ်ပြုဆုနှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက တစ်ဦးချင်း (အကျော့ပေး) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က တစ်ဦးချင်း(အကျော့မဲ့) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစောက အသင်းလိုက်(အကျော့ပေး)ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က အသင်းလိုက်(အကျော့မဲ့)ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ညိုစော ဝန်ကြီးဌာနအဆင့် ဂေါက်သီးရိုက်ပြိုင်ပွဲ အသင်းလိုက်(အကျော့ပေး) ပြိုင်ပွဲတွင် ပထမဆုရ ကာကွယ်ရေးဝန်ကြီးဌာနမှ ပြိုင်ပွဲဝင်များအား ဂုဏ်ပြုဆုနှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဝန်ကြီးဌာနအဆင့် ဂေါက်သီးရိုက်ပြိုင်ပွဲ အသင်းလိုက်(အကျော့မဲ့)ပြိုင်ပွဲတွင် ပထမဆုရ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ ပြိုင်ပွဲဝင်များအား ဂုဏ်ပြုဆုနှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။


ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ဝန်ကြီးဌာနအဆင့် ဂေါက်သီးရိုက်ပြိုင်ပွဲ တစ်ဦးချင်း(အကျော့မဲ့)ပြိုင်ပွဲတွင် ပထမဆုရ ကာကွယ်ရေးဝန်ကြီးဌာနမှ ပြိုင်ပွဲဝင်အား ဂုဏ်ပြုဆုနှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။


ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဝန်ကြီးဌာနအဆင့် ဂေါက်သီးရိုက်ပြိုင်ပွဲ တစ်ဦးချင်း(အကျော့ပေး)ပြိုင်ပွဲတွင် ပထမဆုရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ပြိုင်ပွဲဝင်အား ဂုဏ်ပြုဆုနှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

ဒုတိယဆုရရှိသည့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် အလုပ်သမားဝန်ကြီးဌာန အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

အလားတူ ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဦးထိန်လင်းက အမျိုးသမီးဖူဆယ်ပြိုင်ပွဲတွင် တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်အသင်းမှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူက ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က အမျိုးသားဖူဆယ်ပြိုင်ပွဲတွင် တတိယဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်က ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ပထမဆုရရှိသည့် ရှမ်းပြည်နယ်အသင်းမှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း (C) ရုံ၌ ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ထို့နောက် ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ ကချင်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးမိုးမင်းသိန်းက ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပူးတွဲတတိယဆုရရှိသည့် ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်အသင်းတို့ကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က အမျိုးသမီး ဂျူဒိုသရုပ်ပြ ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကချင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် မွန်ပြည်နယ်နှင့် ပူးတွဲတတိယဆုရရှိသည့် ရခိုင်ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက အမျိုးသား(– ၆၆ ကီလိုတန်း) ဂျူဒိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကချင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် ပူးတွဲတတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးအေးကျော်က အမျိုးသား (–၆၀ ကီလိုတန်း)ဂျူဒိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်နှင့် ပူးတွဲတတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အမျိုးသား(–၇၃ ကီလိုတန်း) ဂျူဒိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုရရှိသည့်

*စာမျက်နှာ ၅ သို့*


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အမျိုးသမီး (– ၅၇ ကီလိုတန်း) ဂျူဒိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရ စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်အား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်း ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အမျိုးသမီး (– ၅၂ ကီလိုတန်း) ဂျူဒိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရ ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်အား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အမျိုးသမီး (– ၄၈ ကီလိုတန်း) ဂျူဒိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရ ကချင်ပြည်နယ်အသင်းမှ ပြိုင်ပွဲဝင်အား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။


ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အမျိုးသမီး (– ၄၅ ကီလိုတန်း) ဂျူဒိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရ ကချင်ပြည်နယ်အသင်းမှ ပြိုင်ပွဲဝင်အား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။


ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အမျိုးသား (– ၆၆ ကီလိုတန်း) ဂျူဒိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရ စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်အား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။


ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အမျိုးသား (– ၇၃ ကီလိုတန်း) ဂျူဒိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရ ရှမ်းပြည်နယ်အသင်းမှ ပြိုင်ပွဲဝင်အား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။

*စာမျက်နှာ ၄ မှ*

ရောဝတီတိုင်းဒေသကြီးနှင့် ပူးတွဲတတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် ကချင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက အမျိုးသား (-၆၆ ကီလိုတန်း) ဂျူဒိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကရင်ပြည်နယ်နှင့် ပူးတွဲတတိယဆုရရှိသည့် ရခိုင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦးက အမျိုးသမီး(-၄၅ ကီလိုတန်း) ဂျူဒိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကချင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပူးတွဲတတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

## ဂျူဒိုအတိုက်ပြိုင်ပွဲ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော်က အမျိုးသမီး (-၄၈ ကီလိုတန်း) ဂျူဒိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကချင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ရောဝတီတိုင်းဒေသကြီးနှင့် ပူးတွဲတတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းက အမျိုးသမီး (-၅၂ ကီလိုတန်း) ဂျူဒိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရောဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မွန်ပြည်နယ်နှင့် ပူးတွဲတတိယဆုရရှိသည့် ချင်းပြည်နယ်နှင့် ကချင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘူက အမျိုးသမီး(-၅၇ ကီလိုတန်း) ဂျူဒိုအတိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်နှင့် ပူးတွဲတတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

## လက်သိုင်းစွမ်းရည်ပြပြိုင်ပွဲ

ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် မြန်မာ့သိုင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ရွှေကြာပင်အားကစားကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရဲမြင့်က တွဲဖက်နည်းပြအဆင့် အမျိုးသားတစ်ကိုယ်တော် လက်သိုင်းစွမ်းရည်ပြပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက တွဲဖက်နည်းပြအဆင့် အမျိုးသားတစ်ကိုယ်တော် ဓားတစ်လက်စွမ်းရည်ပြပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ပြေးခုန်ပစ်ပြိုင်ပွဲ အမျိုးသား မီတာ ၁၀၀၀၀ ပြိုင်ပွဲတွင် ပထမဆုရ ရှမ်းပြည်နယ်အသင်းမှ ပြိုင်ပွဲဝင်အား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။

## ဓားနှစ်လက်စွမ်းရည်ပြပြိုင်ပွဲ

ထို့နောက် မွန်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးစောကြည်နိုင်က လက်ထောက်နည်းပြအဆင့် အမျိုးသမီးတစ်ကိုယ်တော် ဓားနှစ်လက်စွမ်းရည်ပြပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက လက်ထောက်နည်းပြအဆင့် အမျိုးသမီးတစ်ကိုယ်တော် တုတ်ရှည်စွမ်းရည်ပြပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ခွဲမှူးဆရာအဆင့် အမျိုးသားတစ်ကိုယ်တော် လုံ့ရှည်စွမ်းရည်ပြပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

## လှံရှည်စွမ်းရည်ပြပြိုင်ပွဲ

ယင်းနောက် ဒုတိယဝန်ကြီး ဦးမင်းသူက ခွဲမှူးဆရာအဆင့်အမျိုးသမီးတစ်ကိုယ်တော်လှံရှည်စွမ်းရည်ပြ ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ တွဲဖက်နည်းပြအဆင့်အမျိုးသမီးတစ်ကိုယ်တော် လက်သိုင်းစွမ်းရည်ပြပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

## ဓားတစ်လက်စွမ်းရည်ပြပြိုင်ပွဲ

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက တွဲဖက်နည်းပြအဆင့် အမျိုးသမီးတစ်ကိုယ်တော်ဓားတစ်လက်စွမ်းရည်ပြပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကရင်ပြည်နယ်နှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား အမျိုးသမီး လက်နက်မဲ့/ဓားမြှောင်အတွဲလိုက် စွမ်းရည်ပြပြိုင်ပွဲတွင်ပထမဆုရရှိသည့်မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

## လက်နက်မဲ့/ဓားမြှောင်/ဓားရှည် အတွဲလိုက် စွမ်းရည်ပြပြိုင်ပွဲ

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က အမျိုးသား အမျိုးသမီး လက်နက်မဲ့/ဓားမြှောင်/ဓားရှည်အတွဲလိုက် စွမ်းရည်ပြပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် တတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ လက်ထောက်နည်းပြအဆင့် အမျိုးသားတစ်ကိုယ်တော် ဓားနှစ်လက်စွမ်းရည်ပြပြိုင်ပွဲတွင် ပထမဆုရရှိသည့် မကွေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အမျိုးသမီး မီတာ ၁၀၀၀၀ ပြိုင်ပွဲတွင် ပထမဆုရ တနင်္သာရီတိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်အား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်က လက်ထောက်နည်းပြအဆင့် အမျိုးသားတစ်ကိုယ်တော် တုတ်ရှည်စွမ်းရည်ပြပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မွန်ပြည်နယ်နှင့် တတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား အမျိုးသမီး (လက်နက်မဲ့/ဓားမြှောင်/ဓားရှည်/တုတ်ရှည်) အတွဲလိုက်စွမ်းရည်ပြပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကချင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ရောဝတီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

## ပြေးခုန်ပစ်ပြိုင်ပွဲ

ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အသက်(၂၁)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကျင်းပရာ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က အမျိုးသမီး ကြိုးတပ်သံလုံးပစ်ပြိုင်ပွဲတွင် ပထမနှင့် ဒုတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးမင်းမင်းက အမျိုးသမီး သုံးဆင့်ခုန်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရောဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အမျိုးသားကြိုးတပ်သံလုံးပစ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းက အမျိုးသမီးမီတာ (၁၀၀၀၀) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီး၊ ဒုတိယနှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အမျိုးသားမီတာ(၁၀၀၀၀) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ကချင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

## ပေးအပ်ချီးမြှင့်

ဆက်လက်၍ ကျန်ရှိသည့် ပြေးခုန်ပစ်အားကစားပြိုင်ပွဲများကို သတ်မှတ်ထားသည့် အားကစားနည်းများအလိုက် ကျင်းပ၍ ဆုရရှိသည့် ပြည်နယ်နှင့်တိုင်းဒေသကြီးကိုယ်စားပြု ပြိုင်ပွဲဝင်များအား ဆုများပေးအပ်ချီးမြှင့်ရာ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ် အတွင်းရေးမှူး ဦးကျော်ထူးအောင်က အမျိုးသားသုံးဆင့်ခုန်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရောဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်နှင့် တတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသမီး မီတာ (၄၀၀)တန်းကျော် အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော်အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

**သတင်းစဉ်**

# ကာလ်မီးကီယာပြည်နယ်အကြီးအကဲနှင့်အဖွဲ့ မန္တလေးမြို့သို့ရောက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၁**
ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာလ်မီးကီယာပြည်နယ် အကြီးအကဲ H.E. Mr. Batu KHASIKOV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ မန္တလေးမြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ကာလ်မီးကီယာပြည်နယ် အကြီးအကဲနှင့်အဖွဲ့သည် မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြပြီး ပန်း၊ ရေချမ်းနှင့် ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် စစ်ကိုင်းမြို့ သီတဂူ အပြည်ပြည်ဆိုင်ရာ ဝိပဿနာတက္ကသိုလ်ရှိ နိုင်ငံတော်သြဝါဒါစရိယ၊ ရွှေကျင်နိကာယ ဥက္ကဋ္ဌ ဂဏာဓိပတိ သောဠသမ ရွှေကျင် သာသနာပိုင်၊ သီတဂူကမ္ဘာ့ ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ၊ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရအား သွားရောက်ဖူးမြော်ကြပြီး ဗုဒ္ဓဘာသာပြန့်ပွားရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အပြန်အလှန် ဆွေးနွေးကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ ကာလ်မီးကီယာပြည်နယ် အကြီးအကဲနှင့် အဖွဲ့သည် မန္တလေးမြို့သို့ ပြန်လည်ထွက်ခွာလာပြီး ကုသိုလ်တော်ဘုရား၊ မဟာလောကမာရဇိန်ကျောက်တော်ကြီး ဘုရားနှင့် မန္တလေးတောင်တော်ရှိဆုတောင်းပြည့်စေတီတော်တို့ကို သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ညနေပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ကာလ်မီးကီယာပြည်နယ် အကြီးအကဲနှင့် အဖွဲ့အား Mingalar Mandalay Hotel ၌ ညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာလ်မီးကီယာပြည်နယ် အကြီးအကဲ H.E. Mr. Batu KHASIKOV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီးအား ဖူးမြော်ပြီး ပန်း၊ ရေချမ်းနှင့် ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်းစဉ်။





# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်များ နေပြည်တော် - တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ကြည့်ရှုလေ့လာ

**နေပြည်တော် ဒီဇင်ဘာ ၁၁**
မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦး ဦးဆောင်သော မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအဖွဲ့သည် ယနေ့နံနက်ပိုင်းက နေပြည်တော်-တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် လာရောက်လေ့လာကြရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။



ဦးစွာ ပင်မအဆောက်အဦရှိ Auditorium ခန်းမ၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းများက "အားလုံးချစ်သည် MRTV" တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး "(၇၈)နှစ်မှသည် ပြည်သူ့အတွက် MRTV" ဗီဒီယိုကလစ် ပြသမှုအား ကြည့်ရှုကြသည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌက ဝမ်းမြောက်စကားပြောကြားကာ ဝန်ထမ်းများက "MRTV နှင့် ကောင်းသောနေ့" တေးသီချင်းဖြင့် ဆက်လက်၍ ဖျော်ဖြေတင်ဆက်သည်။

**လိုက်လံရှင်းလင်းပြသ**

ထို့နောက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ Convergence News Room၊ MRTV HD Channel Studio၊ အရန် Studio၊ သတင်းနှင့်အစီအစဉ်ထုတ်လွှင့်ခန်းများ၊ Radio Studio နှင့် MRTV News Channel Studio တို့၌ သတင်းထုတ်လုပ်မှုနှင့် သတင်းထုတ်လွှင့်ရန် ရိုက်ကူးရေးဆောင်ရွက်ချက်များကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ **(ဝဲပုံ)**

ထိုမှတစ်ဆင့် လေ့လာရေးအဖွဲ့သည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စိန်ရတုပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက် ရုပ်သံထုတ်လွှင့်မှုများတွင် အသုံးပြုခဲ့သည့် စက်ပစ္စည်းများ၊ တိုက်ရိုက်ထုတ်လွှင့်ရေးမော်တော်ယာဉ်များ၊ သတင်းတင်ဆက်မှုပုံစံငယ်များ၊ ခေတ်အဆက်ဆက် ထုတ်လွှင့်တင်ဆက်ခဲ့သည့် အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ခဲ့သူများ၏ မှတ်တမ်းဓာတ်ပုံများ၊ တူရိယာပစ္စည်းများ၊ သတင်းစတူဒီယိုခန်းများ၊ ရေဒီယိုအစီအစဉ်တွင် အသုံးပြုခဲ့သည့် ခေတ်ဟောင်းဓာတ်ပြားများနှင့် အခြားအသုံးအဆောင်ပစ္စည်းများစသည့် စုစုပေါင်းပြခန်း ၄၀ တွင် ခင်းကျင်းပြသထားရှိမှုများကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်က မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအဖွဲ့အား MRTV အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် လေ့လာရေးအဖွဲ့သည် နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ ကြေးမုံသတင်းစာတိုက်နှင့်မြန်မာ့အလင်းသတင်းစာတိုက်တို့သို့ရောက်ရှိလာရာ စာတည်းမှူးချုပ်များနှင့်တာဝန်ရှိသူများက ကြိုဆိုကြသည်။ ထို့နောက် ဘိုးဝဇီရခန်းမ၌ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် သတင်းစာထုတ်လုပ်ဖြန့်ချိနေမှုများ ဗီဒီယိုကလစ်ပြသမှုကို ကြည့်ရှုပြီး ပုံနှိပ်စက်ခန်းအတွင်း ကြည့်ရှုလေ့လာကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ဒို့မြန်မာသမဝါယမအသင်းနှင့် ကြံတိုင်းအောင်သမဝါယမတို့ အကျိုးတူပူးပေါင်းဆောင်ရွက်မည့် နွားမွေးမြူရေးခြံတည်ဆောက်မည့် မြေနေရာ ကွင်းဆင်းကြည့်ရှု



နေပြည်တော် ဒီဇင်ဘာ ၁၁

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် လယ်ဝေးမြို့နယ် တလုပ်ပင်ကျေးရွာ၌ ဒို့မြန်မာသမဝါယမအသင်းနှင့် ကြံတိုင်းအောင်သမဝါယမတို့ အကျိုးတူပူးပေါင်းဆောင်ရွက်မည့် နွားမွေးမြူရေးခြံတည်ဆောက်မည့် မြေနေရာအား ကွင်းဆင်းကြည့်ရှုသည်။(ယာပုံ)

ထိုသို့ကြည့်ရှုစဉ် သက်ဆိုင်ရာ တာဝန်ရှိသူများက တလုပ်ပင်ကျေးရွာရှိ ကြံတိုင်းအောင်သမဝါယမအသင်းပိုင်မြေ ၉၇ ဒသမ ၆၅ ဧကပေါ်၌ နွားမွေးမြူရေးခြံဆောင်ရွက်မည့် အခြေအနေကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ထိန်ချုံးသိပ္ပံပညာရှင်များဖိုရမ် (၂၀၂၄) ဒုတိယနေ့ နိုင်ငံတကာဉာဏပစ္စည်းမူပိုင်ခွင့်ဆွေးနွေးပွဲကို တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၁၁

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ထိန်ချုံးမြို့ရှိ ထိန်ချုံးသိပ္ပံပညာရှင်များဖိုရမ် (၂၀၂၄) ဒုတိယနေ့ အစီအစဉ်များကို ဒီဇင်ဘာ ၇ ရက်က ဆက်လက်ကျင်းပရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ကြသည်။

**သာယာလှပသောရွာဖြစ်**

နံနက်ပိုင်း၌ ပြည်ပဆက်ဆံရေးဌာန တာဝန်ရှိသူများက ဒုတိယဝန်ကြီးနှင့် အဖွဲ့ကို ထိန်ချုံးမြို့၏ အထင်ကရ ကျင်းကော (Ginkgo) ရွာသို့ လေ့လာရေးပို့ဆောင်ပေးရာ အဆိုပါရွာသည် နှစ်ပေါင်း ၁၃၀၀ ကျော်နှင့် ၁၁၀၀ ကျော် သက်တမ်းရှိသော Ginkgo ပင်ကြီးနှစ်ပင်နှင့် နှစ်တစ်ရာကျော်သက်တမ်းရှိသော Ginkgo ပင်ကြီးများဖြင့် သာယာလှပသောရွာဖြစ်ပြီး လက်ရှိ လူဦးရေ ၄၀၀၀ ကျော် နေထိုင်လျက်ရှိ၍ ဒေသထွက်ကုန်ကြမ်းပစ္စည်းများကို အသုံးပြု၍ လက်မှုနှင့် စက်မှုနည်းပညာတို့ပေါင်းစပ်ကာ အစားအသောက်၊ အသုံးအဆောင်ပစ္စည်းများနှင့် ဆေးဝါးများ ထုတ်လုပ်ရောင်းချသော ရွာတစ်ရွာဖြစ်ကြောင်း သိရသည်။




မွန်းလွဲပိုင်း၌ ဖိုရမ်(၂၀၂၄) အစီအစဉ်အရ ကျင်းပသော International Intellectual Property Innovative Cooperation Seminar in South and Southeast Asia ဖွင့်ပွဲအခမ်းအနားသို့ တောင်အာရှနှင့် အရှေ့တောင်အာရှ ခုနစ်နိုင်ငံမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီဝင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက နည်းပညာဆိုင်ရာ ရှာဖွေတွေ့ရှိမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုခေတ်သစ်၌ ဉာဏပစ္စည်းမူပိုင်ခွင့်ကာကွယ်မြှင့်တင်ရေးသည် တီထွင်ဆန်းသစ်ဖန်တီးနိုင်မှု၊ သုတေသနပြုမှု၊ သိပ္ပံနှင့်နည်းပညာ တိုးတက်မှုတို့အတွက် မရှိမဖြစ် လိုအပ်ပါကြောင်း၊ နိုင်ငံတော်၌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက ၁၉၉၆ ခုနှစ်မှစ၍ ဉာဏပစ္စည်းမူပိုင်ခွင့်ကာကွယ်ရေးနှင့် ဥပဒေများ ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ခဲ့ပြီး ၂၀၀၁ ခုနှစ်၌ ကမ္ဘာ့ဉာဏပစ္စည်းမူပိုင်ခွင့်အဖွဲ့အစည်း (World Intellectual Property Organization- WIPO)နှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်း (World Trade Organization-WTO)တို့၏ အဖွဲ့ဝင်နိုင်ငံ ဖြစ်လာခဲ့ပါကြောင်း၊ ၂၀၁၉ ခုနှစ်တွင် မူပိုင်ခွင့်ဥပဒေ၌ (Patent Law) ပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း၊ နိုင်ငံတော်၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် လက်ရှိဉာဏပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ တာဝန်ခံဝန်ကြီးဌာန ဖြစ်ပါကြောင်း။

**နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနရှိ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနတွင် နည်းပညာလွှဲပြောင်းစင်တာ တည်ထောင်ထားပြီး MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာလွှဲပြောင်းရေးနှင့် ဖြန့်ဝေရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်၌ မူပိုင်ခွင့်ဆိုင်ရာ ပြဋ္ဌာန်းမှုများနှင့် အခင်းအကျင်းများ တည်ထောင်ပြီးဖြစ်ရာ စက်မှုကုန်ထုတ်စီးပွားရေးလုပ်ငန်းများကို လာရောက်ရင်းနှီးမြှုပ်နှံကြရန် ဖိတ်ခေါ်ပါကြောင်း၊ ဉာဏပစ္စည်းမူပိုင်ခွင့် ပိုမိုအားကောင်းလာစေရန်နှင့် တိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် စဉ်ဆက်မပြတ် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် Key Note Speech အစီအစဉ်၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ခံများက နိုင်ငံအလိုက် ဉာဏပစ္စည်းမူပိုင်ခွင့် ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး ညနေပိုင်းတွင် ဆွေးနွေးပွဲကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်ပေးအပ်

ရန်ကုန် ဒီဇင်ဘာ ၁၁

မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA)၏ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း ရန်ကင်း၌ ကျင်းပသည်။



အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အလုပ်သမားရေးရာဌာနများမှ တာဝန်ရှိသူများ၊ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးနှင့် အသိအမှတ်ပြုရေးကော်မတီ( ACC)နှင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုလေ့ကျင့်ရေးကော်မတီဝင်များ၊ သက်ဆိုင်ရာ အလုပ်အကိုင်အလိုက် ကျွမ်းကျင်မှုစံသတ်မှတ်ရေးကော်မတီဝင်များ၊ UMFCCI မှ ကိုယ်စားလှယ်နှင့် NSSA အသိအမှတ်ပြု လက်မှတ်ရယူမည့် ကျွမ်းကျင်လုပ်သားများ၊ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာန တာဝန်ခံများ၊ စစ်ဆေးရေးမှူးများနှင့် စစ်ဆေးအကဲဖြတ်သူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ NSSA အနေဖြင့် ၂၀၁၄ ခုနှစ်မှ ၂၀၂၄ ခုနှစ် နိုဝင်ဘာလအထိ ၃၀၃၃၅ ဦး ဖြေဆိုခဲ့ပြီး သတ်မှတ်အရည်အချင်း ကိုက်ညီသူ ၂၇၈၉၉ ဦးရှိ၍ လုပ်သား ၂၆၈၉၉ ဦးကို အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးပြီးဖြစ်ကြောင်း၊ ယနေ့ ကျွမ်းကျင်မှု အသိအမှတ်ပြု လက်မှတ်ရရှိသူ ၆၅၄ ဦးကို ထုတ်ပေးပြီးပါက ကျန်လုပ်သား ၃၄၆ ဦးအတွက် ဆက်လက်ထုတ်ပေးနိုင်ရေး စီမံထားပြီးဖြစ်ကြောင်း ပြောကြားကာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များနှင့် ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာန အသိအမှတ်ပြုလက်မှတ်များ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံစက်မှုဇုန်ရှိ အထည်ချုပ်စက်ရုံများဖြစ်သည့် Linda Fashion (Myanmar) Co.,Ltd ၊ Myanmar Postarion Co.,Ltd နှင့် Designtime Myanmar Co.,Ltd စက်ရုံများသို့ သွားရောက်ကာ စက်ရုံအတွင်း လှည့်လည်ကြည့်ရှု၍ လုပ်သားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားကျင်းပ

ကျိုက်မရော ဒီဇင်ဘာ ၁၁

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် မေသရဖူလူမှုပရဟိတအသင်းမှ ကျင်းပပြုလုပ်သော အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာ ၁၀ ရက်က ကျိုက်မရောမြို့ ရသေ့ကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ကျိုက်မရောမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးစိန်ဝေက အမှာစကားပြောကြားသည်။ ဆက်လက်၍ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနား ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို မွန်အမျိုးသမီးအဖွဲ့မှ မိသန်းသန်းဌေးက ပြောကြားသည်။

ထို့နောက် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှုအထိမ်းအမှတ်အဖြစ် မေးမယ်၊ ဖြေမယ်၊ ဆုယူမယ် ညဏ်စမ်းမေးခွန်းများ မေးမြန်းကာ ဖြေဆိုနိုင်သူများအား ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

ချိုမြတ်မြတ်ထွေး(ကျိုက်မရော)



# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့ (၁၆) ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားတက်ရောက်

**စစ်တွေ ဒီဇင်ဘာ ၁၁**

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့ (၁၆) ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက နှစ်စဉ်နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁၀ ရက်အထိကာလသည် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့ (၁၆)ရက်တာ လှုပ်ရှားမှုကာလဖြစ်ကြောင်း၊ ကျား၊ မ ဖြစ်ခြင်းကိုအခြေခံပြီး ဖြစ်ပေါ်လာသည့် အကြမ်းဖက်မှုများ ပပျောက်ရန်အတွက် ၁၉၉၁ ခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာ အမျိုးသမီးခေါင်းဆောင်မှုဗဟိုဌာန (Center for Women’s Global Leadership )က နိုင်ငံတကာလှုပ်ရှားမှုအသွင်ဖြင့် (၁၆)ရက်တာလှုပ်ရှားမှုကို စတင်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ အမျိုးသမီးများနှင့် အမျိုးသမီးငယ်များအပေါ် အကြမ်းဖက်မှုသည် ကမ္ဘာပေါ်တွင် အဖြစ်အများဆုံး လူ့အခွင့်အရေးချိုးဖောက်မှုများထဲက တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုသည် လုပ်ငန်းခွင်များတွင်လည်းကောင်း၊ Online များမှ လည်းကောင်း မတူညီသောဝန်းကျင်နေရာဒေသအလိုက် တိုးပွားလျက်ရှိကြောင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများသည် ကမ္ဘာလုံးဆိုင်ရာ ပြဿနာတစ်ရပ်ဖြစ်ပြီး ကမ္ဘာတစ်ဝန်းလုံးတွင် ဖြေရှင်းဆောင်ရွက်ပေးရန် လိုအပ်သကဲ့သို့ မိမိတို့အားလုံး အတူတကွစုပေါင်းပြီး တားဆီးကာကွယ်၍ ရနိုင်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာနှင့် အာဆီယံဒေသအဆင့်များတွင် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သဘောတူညီမှုများကို အကောင်အထည်ဖော်နိုင်ရေးအတွက် နိုင်ငံတော်အဆင့်မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီနှင့် ဒေသဆိုင်ရာ အမျိုးသမီးကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းဆောင်ရွက်ထားရှိပြီး အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့်စပ်လျဉ်းပြီး ကြိုတင်ကာကွယ်ခြင်း၊ တားဆီးခြင်း၊ တုံ့ပြန်မှုပေးခြင်းလုပ်ငန်းစဉ်များကို ရခိုင်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။



ထို့နောက် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နှင်းဇာခြည်ဦးက အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့(၁၆) ရက်တာလှုပ်ရှားမှုအထိမ်းအမှတ်အခမ်းအနားနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပြည်နယ်အမျိုးသမီးကော်မတီအဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်ကြပြီး အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ချီးမြှင့်ငွေကျပ် ၈၅ သိန်းကို ပေးအပ်ချီးမြှင့်ပြီး တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်၍ ဒေသတွင်းခရီးသွားလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဘက်ပေါင်းစုံမှ မြှင့်တင်ဆောင်ရွက်

**ပဲခူး ဒီဇင်ဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း ကော်မတီ အစည်းအဝေးကို ဒီဇင်ဘာ ၁၀ ရက် နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်၍ ဒေသတွင်းခရီးသွားလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဘက်ပေါင်းစုံမှ မြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း ရာသီအလိုက်ပွဲတော်များ၊ အထင်ကရ ဘာသာရေးပွဲတော်များ၊ လေ့လာစရာ ရေးဟောင်းယဉ်ကျေးမှု နယ်မြေများ ခရီးစဉ်ဒေသလိုက် လာရောက်လည်ပတ်ရန်နေရာ၊ တည်းခိုရန်နေရာ၊ စားသောက်ရန်နေရာများရှိပြီး ခရီးစဉ်အသစ်များ ထပ်မံဖော်ထုတ်ရန် လိုအပ်ကြောင်း၊ ပြည်တွင်း/ ပြည်ပ ခရီးသွားဧည့်သည်များ စိတ်အေးချမ်းသာစွာ လည်ပတ်နိုင်ရေး၊ မြို့တိုင်းသန့်ရှင်းသာယာလှပစေရေး၊ ပန်းပေါင်းစုံဖူးပွင့်ဝေဆာနိုင်ရေး၊ ပန်းခြံများနှင့် Public Toilet များ အစဉ်အမြဲသန့်ရှင်းစေရေး ဆောင်ရွက်ထားရမည်ဖြစ်ပြီး တည်းခိုရန် ဟိုတယ်/မိုတယ်များတွင် အစားအစာသန့်ရှင်းကောင်းမွန်စေရေးနှင့် ဝန်ဆောင်မှု ကောင်းမွန်ပြည့်စုံစေရေး ကြီးကြပ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဒေသ၏ ခရီးသွားလုပ်ငန်းအောင်မြင်ရေး အားလုံးဝိုင်းဝန်းကြိုးစား ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက်ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ တိုင်းဒေသကြီး တာဝန်ခံက ဟိုတယ်လုပ်ငန်းဆိုင်ရာများနှင့် တက်ရောက်လာသည့် တိုင်းဒေသကြီးအဆင့်ကော်မတီဝင်များက ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေး ဝိုင်းဝန်းအကြံပြုတင်ပြခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ပဲခူးတိုင်းဒေသကြီးအတွင်းသို့ ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအထိ ပြည်တွင်းခရီးသွား ၃၉၉၆၃၇ ဦး၊ ပြည်ပခရီးသွား ၆၃၂၉ ဦးဝင်ရောက်ခဲ့ပြီး ငွေကျပ် ၄၉၀၉ ဒသမ ၃၄ သန်း ရရှိခဲ့၍ ကာလတူနှိုင်းယှဉ်ချက်အရ ပြည်တွင်းခရီးသွား ၁၃၇၅၁ ဦးနှင့် ဝင်ငွေကျပ် ၆၅၁ ဒသမ ၂၅ သန်း ပိုမိုတိုးတက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

❖ *ကျောဖုံးမှ*

ယခုပွဲစဉ်တွင် သွင်းဂိုးတစ်ဂိုး ရယူနိုင်ခဲ့သည့် ရီးရဲမက်ဒရစ် တိုက်စစ်ကစားသမား အမ်ဘာပေသည် ချန်ပီယံလိဂ်သွင်းဂိုး ၅၀ ပြည့်ခဲ့ပြီဖြစ်သည်။ ထို့ပြင် ၎င်းသည် အဆိုပါသွင်းဂိုးကြောင့် ယခုနှစ်ရာသီ ရီးရဲမက်ဒရစ်အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၂၂ ပွဲတွင် သွင်းဂိုး ၁၂ ဂိုးရှိလာပြီလည်းဖြစ်သည်။ အတ္တလန္တာအသင်းအတွက် သွင်းဂိုးများကို ဒီကေတီလာရီနှင့် လွတ်ခ်မန်းတို့က သွင်းယူပေးပြီး ရီးရဲမက်ဒရစ်အသင်းအတွက် သွင်းဂိုးများကို အမ်ဘာပေ၊ ဗင်နီစီးယပ်စ်နှင့် ဘဲလင်ဂမ်တို့က သွင်းယူပေးနိုင်ခဲ့သည်။

ချန်ပီယံလိဂ်အုပ်စုပွဲစဉ် (၆) မှ ဒီဇင်ဘာ ၁၁ ရက် နံနက်ပိုင်းယှဉ်ပြိုင်ကစားခဲ့သည့် အခြားပွဲစဉ်ရလဒ်များတွင် လီဗာပူးက ဂျီရိုနာကို တစ်ဂိုး – ဂိုးမရှိ၊ လေဗာကူဆင်က အင်တာမီလန်ကို တစ်ဂိုး – ဂိုးမရှိ၊ ဘရက်စ်က ပီအက်စ်ဗွီကို တစ်ဂိုး – ဂိုးမရှိ၊ ကလပ်ဘရုဂ်က စပို့တင်းကို နှစ်ဂိုး – တစ်ဂိုး၊ အက်စ်တွန်ဗီလာက လိုက်ပ်ဇစ်ကို သုံးဂိုး– နှစ်ဂိုး၊ ပီအက်စ်ဂျီက ဆောလ်ဘတ်ကို သုံးဂိုး – ဂိုးမရှိ၊ ဘိုင်ယန်မြူးနစ်က ရှက်တာဒိုးနက်ကို ငါးဂိုး – တစ်ဂိုးဖြင့် နိုင်ပွဲကိုယ်စီရရှိခဲ့ကြပြီး ဒိုင်နမိုဇာဂရက်နှင့် ဆဲလ်တစ်အသင်းပွဲစဉ်တွင် ဂိုးမရှိသရေကျခဲ့သည်။ **အောင်ဇော်**

❒ *ကျောဖုံးမှ*

ကွင်းလယ်ကစားသမား လွင်မိုးအောင်တို့ တက်ရောက်ခဲ့သည်။ မြန်မာ့လက်ရွေးစင် အသင်းနည်းပြချုပ် ဦးမျိုးလှိုင်ဝင်းက “ပထမပွဲမှာ အမှတ်ဆုံးရှုံးထားလို့ ကျွန်တော်တို့အတွက် ဒီပွဲစဉ်က အရေးကြီးပါတယ်။ အနိုင်သုံးမှတ်ရယူနိုင်ဖို့ အကောင်းဆုံးကြိုးစားသွားမှာပါ။ ပြိုင်ဘက် ဖိလစ်ပိုင်အသင်းကလည်း အသင်းကောင်းတစ်သင်းဖြစ်ပြီး ကျွန်တော်တို့အနေနဲ့ ပြိုင်ဘက်အပေါ် လေးစားမှုရှိပါတယ်” ဟု ပြောကြားသည်။ ကွင်းလယ်ကစားသမား လွင်မိုးအောင်က “ကျွန်တော်တို့ ရောက်နေတဲ့အခြေအနေကို ကျွန်တော်တို့ သိပါတယ်။ အဲဒီအတွက် တစ်သင်းလုံး သေချာပြင်ဆင်ပြီး ကြိုးစားနေကြပါတယ်။ မနက်ဖြန်ပွဲစဉ်မှာ ခြေစွမ်းပိုင်းရော၊ ရလဒ်ပါ အကောင်းဆုံးဖြစ်ဖို့ ကြိုးစားသွားမှာပါ” ဟု ပြောကြားခဲ့သည်။

အုပ်စု (B) ဒုတိယနေ့အဖြစ် ဒီဇင်ဘာ ၁၂ ရက် မြန်မာစံတော်ချိန် ညနေ ၅ နာရီတွင် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ရှိ ရီဇယ်မန်မိုရီရယ်ကွင်း၌ ဖိလစ်ပိုင်အသင်းနှင့် မြန်မာအသင်း၊ မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် အင်ဒိုနီးရှားနိုင်ငံ ဆူရာကာတာမြို့ရှိ မာနာဟန်ကွင်း၌ အင်ဒိုနီးရှားအသင်းနှင့် လာအိုအသင်း ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုအဖွင့်ပွဲတွင် အင်ဒိုနီးရှားကို အိမ်ကွင်း၌ အရေးနိမ့်ထားသဖြင့် ယခုပွဲတွင် မဖြစ်မနေအနိုင်ရရန် လိုအပ်နေသည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ–MFF**

# အိမ်မဲမြို့နယ်၌ မီးဘေးလုံခြုံရေးအတွက် တစ်အိမ်တက်ဆင်း စစ်ဆေးခြင်းပြီး လက်ကမ်းစာစောင်များဖြန့်ဝေ

**အိမ်မဲ ဒီဇင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်အတွင်း မီးဘေးလုံခြုံရေးအတွက် တစ်အိမ်တက်ဆင်းစစ်ဆေးခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ယမန်နေ့နံနက်က ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းများကို အိမ်မဲမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဝေယံစိုးနှင့် တပ်ဖွဲ့ဝင်များက ချောင်းဝရပ်ကွက်ရှိ နေအိမ်များအား မီးဘေးလုံခြုံရေးအတွက် တစ်အိမ်တက်ဆင်းစစ်ဆေးခြင်းနှင့် ဟောပြောခြင်းများဆောင်ရွက်ခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးသည်။ အလားတူ မြို့မဈေးကြီးရှိ ဈေးဆိုင်ခန်းများအား မီးဘေးလုံခြုံရေးကို ပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေးခြင်း၊ ဟောပြောခြင်းများဆောင်ရွက်ခဲ့ပြီး လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့သည်။

**ချစ်သက်လယ် (အိမ်မဲ ပြန်/ဆက်)**



**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ငလျင်ဘေးအန္တရာယ်သတ္တာန်တူ သရုပ်ပြလေ့ကျင့်ခြင်းသို့ တက်ရောက်ကြည့်ရှုအားပေး

**ထားဝယ် ဒီဇင်ဘာ ၁၁**

တနင်္သာရီတိုင်းဒေသကြီး၏ဦးဆောင်မှုဖြင့် တိုင်းဒေသကြီးအတွင်းရှိ ဟိုတယ်၊ မိုတယ်နှင့်တည်းခိုခန်းများတွင် သဘာဝဘေးအန္တရာယ်များဖြစ်ပွားလာပါက အလျင်အမြန်တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် ငလျင်ဘေးအန္တရာယ်သတ္တာန်တူ သရုပ်ပြလေ့ကျင့်ခြင်းကို ယနေ့နံနက် ၉ နာရီခွဲက ထားဝယ်မြို့ Hotel Dawei ၌ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးသည်။

ထိုသို့ သရုပ်ပြလေ့ကျင့်ခြင်း ဆောင်ရွက်ရာတွင် ပူးပေါင်းအဖွဲ့များက ငလျင်လှုပ်ပြီးသည်နှင့်တစ်ပြိုင်နက် မီးသတ်ယာဉ်၊ လူနာကူညီသယ်ဆောင်ရေးယာဉ်များဖြင့် ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းကိရိယာများကို အသုံးပြု၍ ကယ်ဆယ်ခြင်း၊ ပိတ်မိနေသူများနှင့် ဒဏ်ရာရရှိသူများအား ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများ အသုံးပြု၍ ကယ်ဆယ်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ဒဏ်ရာရရှိသူများအနက် အရေးပေါ်လူနာ၊ အရေးကြီးလူနာ၊ သာမန်လူနာများခွဲခြား၍ ရှေးဦးသူနာပြုစုခြင်းနှင့် ဆေးရုံသို့ပို့ဆောင်ခြင်း၊ ကျန်ရှိ/ပျောက်ဆုံးသူများရှိ/ မရှိကို စာရင်းကောက်ယူစိစစ်ဆောင်ရွက်ခြင်းတို့ကို အချိန်တိုအတွင်း အလျင်အမြန်ပြီးစီးရန် သရုပ်ပြလေ့ကျင့်ခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ငလျင်ဘေးအန္တရာယ်သည် ကြိုတင်ခန့်မှန်း၍မရသောဘေးအန္တရာယ်ဖြစ်သည့်အတွက် ယခုလို လေ့ကျင့်ခြင်းများဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ဟိုတယ်အတွင်းရှိ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဧည့်သည်များအနေဖြင့် သဘာဝဘေးအန္တရာယ်များဖြစ်ပွားလာပါက စနစ်တကျတုံ့ပြန်ဆောင်ရွက်နိုင်မည့် နည်းလမ်း၊ ငလျင်ဘေးအန္တရာယ်နှင့်ပတ်သက်၍ ဆောင်ရန်/ရှောင်ရန်များကို ပြောကြားခဲ့ကြောင်း သိရသည်။



**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကယားပြည်နယ်ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး

**လွိုင်ကော် ဒီဇင်ဘာ ၁၁**

ကယားပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ဒေသဖွံ့ဖြိုးရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ ဘူတာလမ်း နိုင်လွန်ကတ္တရာကွန်ကရစ် (AC) ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် ဒေါ်နိုးကူးနှင့်နမ့်ကွတ်ရပ်ကွက်များရှိ ရေဝပ်ကျန်ရှိနေရာများတွင် ရေများလျော့ကျအောင် ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်မြို့ ဘူတာလမ်းကို ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် ပေ (၃၇၃၀ x ၃၀)နိုင်လွန်ကတ္တရာကွန်ကရစ် (AC) ခင်းခြင်း၊ လမ်းလုပ်ငန်း ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှု စစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီရေး၊ သတ်မှတ်ကာလပြီးစီးရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် လုပ်ငန်းဆောင်ရွက်စဉ် ခရီးသွားပြည်သူများ သွားလာမှု အဆင်ပြေစေရေး လိုအပ်သည်များ စီမံဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဘီလူးချောင်းရေဝင်ရောက်ခဲ့မှုကြောင့် ရေဝပ်ကျန်ရှိခဲ့သည့် ဒေါ်နိုးကူးနှင့် နမ့်ကွတ်ရပ်ကွက်ရှိ အနိမ့်ပိုင်းနေရာများတွင် ရေများလျော့နည်းအောင် ဆောင်ရွက်နေသည့် ပြည်နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနနှင့် ပြည်နယ်မီးသတ်ဦးစီးဌာနတို့၏ လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ရေဝပ်ကျန်ရှိနေသည်များကို အမြန်ဆုံးဖယ်ရှားဆောင်ရွက်ရေး၊ ဆောင်ရွက်ပြီးပါက ယာယီရေဘေးကယ်ဆယ်ရေးစခန်းများရှိ ပြည်သူများ မိမိတို့နေအိမ်များတွင် အမြန်ပြန်လည်နေထိုင်နိုင်ရေး၊ အဆိုပါနေရာများတွင် ကျန်းမာရေး စောင့်ရှောက်မှု ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးရေးနှင့် သန့်ရှင်းကောင်းမွန်သော သောက်သုံးရေများရရှိရေး စီမံဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။



**ပြည်နယ် (ပြန်/ဆက်)**



# ပြည်တက္ကသိုလ်၌ ၂၀၂၄-၂၀၂၅ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကျင်းပ

**ပြည် ဒီဇင်ဘာ ၁၁**

ပြည်တက္ကသိုလ်၏ ၂၀၂၄-၂၀၂၅ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အဆိုပါတက္ကသိုလ် ဘက်စုံသုံးခန်းမ၌ကျင်းပရာ ပြည်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသက်လွင်နှင့် ဒုတိယပါမောက္ခချုပ်များ၊ သင်ကြား/စီမံအရာရှိများ၊ ပါမောက္ခဌာနမှူးများ၊ ဘာသာရပ်ပေါင်းစုံမှ ဆရာ ဆရာမများနှင့် သစ်လွင် ကျောင်းသားကျောင်းသူများ ၃၉၄ ဦး တက်ရောက်သည်။

အခမ်းအနားတွင် ပြည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသက်လွင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ ဝိဇ္ဇာဘာသာရပ်နှင့် သိပ္ပံဘာသာရပ်ဆိုင်ရာ ပါမောက္ခ(ဌာနမှူး)နှစ်ဦးက ပြည်တက္ကသိုလ်၌ သင်ကြားပေးလျက်ရှိသည့် ဝိဇ္ဇာ/သိပ္ပံဘာသာရပ်များနှင့်ပတ်သက်၍ ဘာသာရပ်တစ်ခုချင်းစီ၏ အဓိပ္ပာယ်၊ သဘောသဘာဝနှင့် လက်တွေ့အသုံးချနိုင်မှုအကြောင်းများကို မောင်သစ်လွင်ကျောင်းသား ကျောင်းသူများအား မိတ်ဆက်ပြောကြားပြီး သင်တန်းရေးရာဌာနမှူး ဦးထိန်လင်းက ကျောင်းသားကျောင်းသူများ သိမှတ်ဖွယ်ရာများနှင့် စည်းမျဉ်း/စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ပြည်တက္ကသိုလ်တွင် ဘာသာရပ်ဌာနကြီး ၁၅ ခုရှိကာ ဝိဇ္ဇာဘာသာရပ် ၁၁ ခုနှင့် သိပ္ပံပညာရပ် ရှစ်ခု စုစုပေါင်း ဝိဇ္ဇာ/သိပ္ပံဘာသာရပ်ပေါင်း ၁၉ ခုကို သင်ကြားပို့ချပေးလျက်ရှိကြောင်း၊ ယင်းအပြင် ဒေသ/လူ့စွမ်းအားဖွံ့ဖြိုးမှုနှင့် MSMEs လုပ်ငန်းများအတွက် အထောက်အကူပြုဖြစ်စေမည့် ကွန်ပျူတာဒီပလိုမာ(DCS)နှင့် စီးပွားရေးဥပဒေပညာဒီပလိုမာ (DBL)တို့ကိုလည်း သင်ကြားပို့ချပေးနေပြီဖြစ်ကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဒီဇင်ဘာ ၁၁**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်၍မိုးကြီးနိုင်သည်။ **မိုး/ဇလ**

## ၁၁ - ၁၂ - ၂၀၂၄ ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၄၀၀ | ၈၄၀၀ | ၁၃၅ | ၁၁၃၄၀၀၀ |
| MTSH | ၃၁၅၀ | ၃၂၀၀ | ၂၅၈ | ၈၂၀၅၅၀ |
| MCB | ၈၃၀၀ | ၈၂၀၀ | ၁၁ | ၉၀၃၀၀ |
| FPB | ၁၉၀၀ | ၁၉၅၀ | ၉၁၁ | ၁၇၄၀၉၅၀ |
| TMH | ၃၀၀၀ | ၃၀၀၀ | ၂၆၅ | ၇၉၅၀၀၀ |
| EFR | ၁၇၀၀ | ၁၇၀၀ | ၇၃၀ | ၁၂၄၁၀၀၀ |
| AMATA | ၄၄၀၀ | ၄၄၀၀ | ၃ | ၁၃၂၀၀ |
| MAEX | ၃၁၀၀ | ၃၁၀၀ | ၁၁၇၂ | ၃၆၃၃၂၀၀ |
| MADPL (PLB) | ၃၂၅၀ | ၃၂၅၀ | ၁၀၁ | ၃၂၈၂၅၀ |

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများလွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

နှစ်(၅၀)ပြည့် ရွှေရတုရခိုင်ပြည်နယ်နေ့အထိမ်းအမှတ် ဆောင်းပါး

# သာယာလှပပြီး ဖွံ့ဖြိုးတိုးတက်စည်ပင်သော ရခိုင်ပြည်နယ်၏ အနာဂတ်ကို မှန်းမျှော်

**မောင်ဂျိုလိုင်**

မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် နတ်တော်လပြည့်နေ့ (ခရစ်နှစ် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့) သည် ပြည်ထောင်စုဖွား ရခိုင်တိုင်းရင်းသားများအတွက် ထူးခြားလေးနက်သော ဝိသေသ လက္ခဏာများနှင့် ပြည့်စုံသည့် နှစ်(၅၀) ပြည့် ရွှေရတု ရခိုင်ပြည်နယ်နေ့ဖြစ်ပါသည်။

**ရွှေရတု အထိမ်းအမှတ်နှစ်အဖြစ်**
**သမိုင်းဝင်မော်ကွန်းတင်ပြီး**
**ကမ္ပည်းရေးထိုးနိုင်တော့မည်**

၁၉၇၄ ခုနှစ်တွင် ရေးဆွဲပြဋ္ဌာန်းခဲ့သည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ တိုင်းနှင့် ပြည်နယ်များ သတ်မှတ်ပြဋ္ဌာန်းရာတွင် အခြေခံဥပဒေအတည်ပြုနိုင်ရေးအတွက် ဆန္ဒခံယူပွဲကျင်းပခဲ့သည့် ဒီဇင်ဘာလ ၁၅ ရက်နေ့ကို ရခိုင်ပြည်နယ်နေ့အဖြစ် သတ်မှတ်ခဲ့ပါသည်။ ၁၉၇၅ ခုနှစ်မှစ၍ ရခိုင်ပြည်နယ်နေ့ အခမ်းအနားများကို နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် နှစ်(၅၀) ပြည့်မြောက်ပြီဖြစ်သဖြင့် ရွှေရတု အထိမ်းအမှတ်နှစ်အဖြစ် သမိုင်းဝင်မော်ကွန်းတင်ပြီး အောင်လံ စိုက်ထူကမ္ပည်းရေးထိုးနိုင်တော့မည် ဖြစ်ပါသည်။

ရခိုင်ပြည်နယ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အနောက်ဘက်အကျဆုံး ကမ်းရိုးတန်းဒေသတစ်ခုဖြစ်ပြီး မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၀ မိနစ်မှ ၂၁ ဒီဂရီ ၃၀ မိနစ်ကြား၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၁၀ မိနစ်မှ ၉၄ ဒီဂရီ ၅၀ မိနစ်ကြားတည်ရှိပါသည်။ ရခိုင်ပြည်နယ်၏ အရှေ့ဘက်တွင် မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ဘက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ အနောက်ဘက်တွင် ဘင်္ဂလားပင်လယ်အော်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် မြောက်ဘက်တွင် ချင်းပြည်နယ်တို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပါသည်။

ရခိုင်ပြည်နယ်သည် ခရိုင် ၇ ခု၊ မြို့နယ် ၁၇ မြို့နယ်၊ မြို့ ၁၁ မြို့၊ ရပ်ကွက်ပေါင်း ၁၉၆ ခု၊ ကျေးရွာအုပ်စု ၁၀၃၆ စု၊ ကျေးရွာပေါင်း ၃၇၀၁ ရွာဖြင့် ဖွဲ့စည်းထားပြီး ဧရိယာ စတုရန်း မိုင် ၁၄၂၀၀ ဒသမ ၁ ကျယ်ဝန်းပါသည်။ ရခိုင်ပြည်နယ်တွင် ရခိုင်လူမျိုးများ အများဆုံးနေထိုင်ကြပြီး ရခိုင်မျိုးနွယ်စုများ အပါအဝင် ပြည်ထောင်စုဖွား တိုင်းရင်းသားများလည်း အတူတကွ စုစည်းနေထိုင်လျက်ရှိကြပါသည်။

**“ရခိုင်”** ဟူသော အမည်မှာ ပါဠိ **“ရက္ခ”** မှ ဆင်းသက်လာခြင်းဖြစ်သည်။ **“စောင့်ရှောက်ခြင်း”** ဟု အဓိပ္ပာယ်ရသည်။ ကမ္ဘာ့လူမျိုးကြီးများ ပျံ့နှံ့ရာတွင် ရခိုင်ဒေသသို့ လူဖြူခေါ် ကော့ကေဆပ် လူမျိုးနွယ်စုများ ရောက်ရှိဖြတ်ကျော်သွားဟန်ရှိသည်။ မွန်ဂိုလွိုက်အနွယ်များသည်လည်း အိန္ဒိယပြည် အရှေ့မြောက်ဒေသမှတစ်ဆင့် ရခိုင်ဒေသသို့ တစ်သုတ်ပြီးတစ်သုတ် ဝင်ရောက်နေထိုင်ခဲ့ကြသည်။ အိန္ဒိယရှိ အာရိယန်များသည်လည်း ဝင်ရောက်နေထိုင်ခဲ့ကြသည်။ ရခိုင်လူမျိုးတို့သည် ရခိုင်ပြည်နယ်တွင် အခြေချနေထိုင်ပြီးနောက် ရခိုင့်ယဉ်ကျေးမှု အဆောက်အအုံကို ကြီးမားကျယ်ပြန့်လာအောင် မရပ်မနားတည်ဆောက်ခဲ့ကြသဖြင့် ရခိုင်လူမျိုးတို့၏ယဉ်ကျေးမှုသည် အဘက်ဘက်မှ ပြည့်ဝခဲ့ကြောင်း ၁၉၈၁ ခုနှစ်တွင် ရခိုင်ပြည်နယ် ပြည်သူ့ကောင်စီက ပြုစုသည့် ပြည်နယ်ဖြစ်စဉ် သမိုင်းစာအုပ်တွင် ဖော်ပြထားခဲ့သည်။

ရခိုင်ပြည်နယ်သည် ရခိုင်တိုင်းရင်းသားများ၏ ရှည်လျားလှသည့် သမိုင်းကြောင်းနှင့်အတူ အနုပညာလက်ရာများ၊ ယဉ်ကျေးမှု အမွေအနှစ်များဖြင့် ပြည့်စုံလှသော ပြည်နယ်တစ်ခု ဖြစ်ပါသည်။ ရခိုင်ပြည်နယ်သို့ မြတ်စွာဘုရားရှင်ကြွရောက်ခဲ့သည့် အထောက်အထားများကို သမိုင်းမှတ်တမ်းများတွင် ဖော်ပြခဲ့ရာ ဗုဒ္ဓမြတ်စွာသာသနာတော် ထွန်းကားပြန့်ပွားရာဒေသ တစ်ခုဖြစ်သည့်အားလျော်စွာ ရခိုင်ပြည်နယ်၏ ဒေသအသီးသီးတွင် ဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားမှု၊ ဘာသာတရားအပေါ် တန်ဖိုးထားမှု၊ အကျင့်သီလ စောင့်ထိန်းမှုစသည့် ရခိုင်လူမျိုးတို့၏ တန်ဖိုးထားဖွယ်ရာဓလေ့ထုံးစံများကိုလည်း မြတ်နိုးဖွယ်ရာမြင်တွေ့ရပါသည်။

ရခိုင်စာပေသည်လည်း ရှေးနှစ်ပေါင်းများစွာ

> **❝ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးအားလုံးသည် ရှေးနှစ်ပေါင်းများစွာကပင် အေးအတူ၊ ပူအမျှ တစ်မြေတည်းနေ တစ်ရေတည်းသောက်ခဲ့ကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုများဖြစ်ကြပါသည်။ ထို့ကြောင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ အပြန်အလှန် လေးစားမှု၊ နားလည်မှု၊ ယုံကြည်မှုများဖြင့် တည်ဆောက်ကြရန် လိုအပ်ပါသည်။ “ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်” ဆိုသည့်အတိုင်း တိုင်းရင်းသားပြည်သူအားလုံး၏ စည်းလုံးညီညွတ်သော စုပေါင်းအားဖြင့်သာ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်နိုင်မည် ဖြစ်ပါသည်။ မိမိတို့အချင်းချင်း သွေးကွဲကြမည်ဆိုပါက နိုင်ငံတော်၏စွမ်းအားများ လျော့နည်းနိုင်ကြောင်း သတိပြုကြရန်လိုအပ် ❞**

ကပင် ထွန်းကားလာခဲ့ပြီး ရခိုင်လူမျိုး ရဟန်းစာဆို၊ လူစာဆိုများ၊ ပညာရှင်များ များစွာပေါ်ထွက်ခဲ့ကာ နိုင်ငံ့အကျိုး ထမ်းရွက်သယ်ပိုးခဲ့သည်ကို တွေ့မြင်ရပါသည်။ ရခိုင်ပြည်နယ်၏ စာပေဆိုင်ရာယဉ်ကျေးမှု အဆင့်အတန်း မြင့်မားမှုကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် အသိအမှတ်ပြုခြင်းခံရသော မြောက်ဦးမြို့ သျှစ်သောင်းပုထိုးတော်ကြီးတွင် တည်ရှိသည့် **“အာနန္ဒာစန္ဒြားကျောက်စာတိုင်ကြီး”**က သက်သေပြလျက်ရှိပါသည်။

**နယ်ချဲ့တော်လှန်ရေးအတွက် ရှေ့ဆောင်လမ်းပြ**
**ပုဂ္ဂိုလ်တစ်ဦးအဖြစ် အသိအမှတ်ပြုခဲ့ကြ**

မြန်မာနိုင်ငံ ကိုလိုနီနယ်ချဲ့လက်အောက်ကျရောက်ပြီး လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင်လည်း ရခိုင်တိုင်းရင်းသားများသည် အခြားသော မျိုးချစ်တိုင်းရင်းသားများနှင့်အတူ နယ်ချဲ့တို့အား ဆန့်ကျင်တော်လှန်ခဲ့ခြင်းဖြင့် ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာစွာတည်ရှိမှုကို သက်သေပြသခဲ့သည်။ ရခိုင်တိုင်းရင်းသားဆရာတော် ဦးဥတ္တမသည် နယ်ချဲ့တော်လှန်ရေးအတွက် ရှေ့ဆောင်လမ်းပြပုဂ္ဂိုလ်တစ်ဦးအဖြစ် မြန်မာတစ်မျိုးသားလုံးက အသိအမှတ်ပြုခဲ့ကြသည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ လူနေမှုဘဝမြင့်မားရေး၊ ပြည်ထောင်စုတစ်ဝန်း အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် အမျိုးသားရေးရည်မှန်းချက် (၂)ရပ်နှင့် နိုင်ငံရေးရည်မှန်းချက် (၂)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့်လည်း နိုင်ငံတော်က ချမှတ်ထားသည့် ရည်မှန်းချက်များ၊ ဦးတည်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များ အောင်မြင်စေရန်နှင့် ရခိုင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်စေရန် အလေးထား ဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၃ ခုနှစ် မေလ ၁၄ ရက်နေ့တွင် ရခိုင်ပြည်နယ်အတွင်း တိုက်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် မိုခါဆိုင်ကလုန်းမုန်တိုင်းကြောင့် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တွင် ထိခိုက်ပျက်စီးဆုံးရှုံးမှုများရှိသော်လည်း နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ ပြည်ထောင်စုဝန်ကြီးဌာနအသီးသီး၏ အားသွန်ခွန်စိုက်ပံ့ပိုးကူညီမှု၊ ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှုတို့ကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်တိုအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး မူလထက်သာလွန်ကောင်းမွန်သည့် အခြေအနေတစ်ရပ်သို့ ရောက်ရှိခဲ့ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်တွင် နေထိုင်ကြသော ဒေသခံပြည်သူများအတွက် မိုခါမုန်တိုင်းပြီးချိန်မှစပြီး ယနေ့အထိ ပံ့ပိုးကူညီပေးမှုများ ဆောင်ရွက်ပေးနေဆဲဖြစ်ပါသည်။ ၂၀၂၃ ခုနှစ် မေလ ၁၆ ရက်နေ့မှ ယနေ့အထိ အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အစီအစဉ်ဖြင့် ဆောက်လုပ်ရေးသုံးပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ ဆေးဝါးနှင့် ကျန်းမာရေးပစ္စည်း၊ လူသုံးကုန်နှင့် စားသောက်ကုန်ပစ္စည်းများ အပါအဝင် ကူညီကယ်ဆယ်ရေးပစ္စည်း စုစုပေါင်း ၇၁၂၇၁ ဒသမ ၇၈ တန်၊ ဒီဇယ် ၂၄၉၇၆၂ ဂါလန်၊ Octane 92 ၁၉၉၈၈၆ ဂါလန်တို့ကို ရခိုင်ပြည်နယ်သို့ ပို့ဆောင်ပေးခဲ့ပါသည်။ ဤသည်မှာ ပြည်ထောင်စုတိုင်းရင်းသားအချင်းချင်း ထားရှိသည့် မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်ကို ပြသနေခြင်း ဖြစ်ပါသည်။

ရခိုင်ပြည်နယ်သည် သဘာဝပထဝီဝင် အနေအထားအရ အဖိုးတန် မြစ်၊ချောင်း၊ အင်းအိုင်၊ ကျွန်းများဖြင့် ပြည့်နှက်နေသဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများလုပ်ကိုင်ရန် ရေခံ၊ မြေခံ အလွန်ကောင်းသောဒေသတစ်ခုဖြစ်ပါသည်။ စိုက်ပျိုးရေးတောင်သူများအနေဖြင့်လည်း လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲတိုးတက်လုပ်ကိုင်နေကြသည်ကို တွေ့မြင်ရပါသည်။ ဒေသဖွံ့ဖြိုးရေးအတွက် အခြေခံကျသည့် စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ MSME လုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ငွေကျပ် ၁၀ ဘီလီယံကို ဒေသခံပြည်သူများ၏ အကျိုးအတွက် ခွင့်ပြုထားရှိပြီးဖြစ်ပါသည်။

ပညာရေးကဏ္ဍအနေဖြင့်လည်း ၂၀၂၃ ခုနှစ်တွင် မိုခါမုန်တိုင်းဒဏ်ကို ရင်ဆိုင်ခဲ့ရသော်လည်း တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ၏ ကြိုးပမ်းအားထုတ်မှုကြောင့် ကျောင်းဖွင့်ရာသီအမီ ကျောင်းအပ်လက်ခံနိုင်ရန် ဆောင်ရွက်နိုင်ခဲ့ပြီး ဇွန်လ ၁ ရက်နေ့တွင် အခြေခံပညာကျောင်းများ အချိန်မီ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ခဲ့မှုကြောင့် ရခိုင်ပြည်နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၅၇၃၀၀၀ ကို ကျောင်းအပ်လက်ခံနိုင်ခဲ့ပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ရခိုင်ပြည်နယ်၏ အောင်ချက်ရာခိုင်နှုန်းများ ယခင်နှစ်ကထက် တိုးတက်ခဲ့ကာ နိုင်ငံ၏အနာဂတ်၊ ပြည်နယ်၏ မျိုးဆက်သစ်လူငယ်များကို မွေးထုတ်ပေးနိုင်ခဲ့ပါသည်။

ရခိုင်ပြည်နယ်ကြီး ငြိမ်းချမ်းသာယာပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုရှိရေးသည် အရေးကြီးလှကြောင်း တွေ့မြင်ရမည်ဖြစ်ပါသည်။ စီးပွားရေးကဏ္ဍတွင် ဒေသခံပြည်သူတစ်ဦးချင်း၏ ဝင်ငွေမြင့်မာရေး၊ ဒေသကထွက်ရှိသည့် အဖိုးတန်ထွက်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေး၊ ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများမြင့်မားရေးတို့ကို ဆောင်ရွက်ရာတွင် တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုရှိမှသာ ပြည်နယ်ကြီးဖွံ့ဖြိုးတိုးတက်ပြီး ဒေသခံပြည်သူများ၏ လူနေမှုအဆင့်အတန်းလည်း မြင့်မားလာမည်ဖြစ်ပါသည်။

**နိုင်ငံတော်၏ လွတ်လပ်ရေးနှင့်**
**အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်**

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုး အားလုံးသည် ရှေးနှစ်ပေါင်းများစွာကပင် အေးအတူ၊ ပူအမျှ တစ်မြေတည်းနေ တစ်ရေတည်းသောက်ခဲ့ကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုများဖြစ်ကြပါသည်။ ထို့ကြောင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအကြား ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ အပြန်အလှန် လေးစားမှု၊ နားလည်မှု၊ ယုံကြည်မှုများဖြင့် တည်ဆောက်ကြရန် လိုအပ်ပါသည်။ **“ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်”** ဆိုသည့်အတိုင်း တိုင်းရင်းသား ပြည်သူအားလုံး၏ စည်းလုံးညီညွတ်သော စုပေါင်းအားဖြင့်သာ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်ပါသည်။ မိမိတို့အချင်းချင်း သွေးကွဲကြမည်ဆိုပါက နိုင်ငံတော်၏ စွမ်းအားများ လျော့နည်းနိုင်ကြောင်း သတိပြုကြရန် လိုအပ်ပါသည်။

ရခိုင်ပြည်နယ်တွင် ရခိုင်တိုင်းရင်းသားမျိုးနွယ်စုများ ဖြစ်ကြသည့် ရခိုင်၊ ကမန်၊ ခမီ၊ ဒိုင်းနက်၊ မရမာကြီး၊ မြို သက်စသည့် တိုင်းရင်းသားများသည် မြန်မာ၊ ချင်း စသည့် တိုင်းရင်းသားများနှင့်အတူ

*စာမျက်နှာ ၁၁ သို့*

# နက်ဖြန်

* ခေတ်တေးတစ်ပိုဒ်၊ ကိုယ်ကြားလိုက်ရ
ဆို့လိုက်တေးသံ၊ ဆွေးမည့်ဟန်နှင့်
"နက်ဖြန်ဆိုတာ၊ ရှိသေးပါက
နှုတ်လွှာဟဖွင့်၊ ချစ်ခွင့်ရှိသေး ..."
အခွင့်ရေးကို၊ မျှော်တွေးအားတင်း
မျှော်လင့်ခြင်းတည့်။

* "မောင်ရေးလာမယ့် စာချွန်လွှာ
နက်ဖြန် သို့မဟုတ် ဘယ်သောခါ... "ဟု
များစွာနက်ဖြန်၊ မျှော်လင့်ပြန်သော
တေးသံအားငယ်၊ သနားဖွယ်လည်း
ရင်ဝယ်နင့်စူး၊ ခံစားဖူးခဲ့။

* သူတို့နက်ဖြန်၊ အဖန်ဖန်ပေါ့
ရောက်ရန်စောင့်မျှော်၊ သေချာသော်လည်း
ဩော်... ကိုယ်တို့နက်ဖြန်...
နက်ဖြန်ဆိုတာ၊ မရေရာပေ
နေ့မှာရှိလည်း၊ ညပျောက်မြဲတည့်။

* နက်ဖြန်မျှော်လင့်ချက်၊ ထည့်မတွက်ဝံ့
ညဘက်ရှိငြား၊ နေ့ပျောက်သွား၏။

* မျက်စိတစ်မှိတ် လျှပ်တစ်ပြက်
ကွေးလက်ဆန့်လက်၊ သိပါလျက်
တိုက်ပွဲဆက်ဖို့...
ပြန်မည့်ရက်သို့...
နက်ဖြန်ရောက်ချင်၊ ပုထုဇဉ်လေ
နှောင်ကြိုးငင်မိ၊ မျှော်လင့်မိသား
မိသားစုတွေ ဆုံမည့်ရက်။
နက်ဖြန် နက်ဖြန် တစ်ရက်ရက်။

* သို့ပါသော်လည်း
မျှော်ရင်းနစ်နွံ၊ ကြမ္မာကံကြောင့်
နက်ဖြန်နိဂုံး၊ ပျောက်ကွယ်သုဉ်းလည်း
မဆုံးမီနေ့၊ လွန်ခဲ့နေ့တွေ
ရှေ့တန်းနေလျက်၊ နိုင်ငံ့တွက်လျှင်
ထမ်းရွက်ခဲ့ပြီ၊ စွမ်းခဲ့ပြီမို့
မြေဆီကြွေသက်၊ ရော်ဝါရွက်သည်
နက်ဖြန်မဲ့လည်း ရှိပါစေ။
လူမသိသော ကြွေရွက်တွေ။ ။

(နိုင်ငံနှင့် ပြည်သူအတွက် အသက်စွန့်တာဝန်ကျေသော စစ်သည်များကို ဂုဏ်ပြုလျက်)

ကို(တက္ကသိုလ်)



## ငပုတောမြို့နယ် စည်ပင်သာယာရေးကော်မတီမှ အသိပညာပေးဟောပြော

ငပုတော ဒီဇင်ဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် စည်ပင်သာယာရေးကော်မတီမှ ဈေးသူ ဈေးသားများအား အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၀ ရက်က စိန်ပန်းကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးသန်းဦးက Clean city, Green City,Smart City ဖြစ်ပေါ်စေရေးအတွက် ပြည်သူအားလုံးပူးပေါင်းဆောင်ရွက်ရေး၊ စွန့်ပစ်ပစ္စည်းအမှိုက်အမျိုးအစားများ၊ ပလတ်စတစ်အိတ်ကို လျှော့ချသုံးစွဲရေးနှင့် ပြန်လည်အစားထိုးအသုံးပြုစေရေးတို့ကို ပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးဝဏ္ဏဝင်းက ဈေးသူ ဈေးသားများ အနေဖြင့် အပတ်စဉ် ဗုဒ္ဓဟူးနေ့နှင့် တနင်္ဂနွေနေ့တွင် ပလတ်စတစ်အိတ် သုံးစွဲမှုမရှိစေရေးအတွက် အထူးအလေးထား လိုက်နာဆောင်ရွက်ကြစေရေး၊ မီးဘေးအန္တရာယ် ကင်းဝေးစေရေးအတွက် မီးလောင်လွယ်သော ပစ္စည်းများကို ဂရုတစိုက် ထိန်းသိမ်းဆောင်ရွက်နိုင်ရေး၊ ဈေးသန့်ရှင်းသာယာလှပစေရေးနှင့် ဥပဓိရုပ်ကောင်းမွန်စေရေးတို့အတွက် ဈေးသူ ဈေးသားများကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ အခွန်အခ ကောက်ခံခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် အခြားလိုအပ်သည်များကို ဖြည့်စွက်ပြောကြားခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အကြိုဟောပြောပွဲနှင့် ပြိုင်ပွဲကျင်းပ

ရွှေပြည်သာ ဒီဇင်ဘာ ၁၁

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အကြို စာစီစာကုံး၊ ပန်းချီ၊ ကျပန်း၊ ဉာဏ်စမ်း၊ ကဗျာရွတ်၊ ပုံပြောပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၀ ရက်က လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးဝင်းနိုင်က အမှာစကားပြောကြား၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးအေးမိုးက ပြိုင်ပွဲများကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး အမှတ်(၈) အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၅ ဦး၊ အမှတ် (၂၃) အခြေခံပညာ မူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၅ ဦး၊ အမှတ်(၁၅) အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၅ ဦး စုစုပေါင်း ၄၅ ဦးတို့က ပြိုင်ပွဲများအလိုက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

## ခန္တီးမြို့နယ်၌ မိသားစုဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

ခန္တီး ဒီဇင်ဘာ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကင်းတော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို တာဝန်ရှိသူများက ဒီဇင်ဘာ ၁၁ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ခန္တီးခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဗိုလ်ဆန်း၊ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာမြစိမ်းရောင်လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ကင်းတော်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ ကျေးရွာတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကင်းတော်ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းကို စီမံကိန်း ရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုဘဏ္ဍာနှစ်တွင် အသင်းသူ အသင်းသား ၁၄၁ ဦးအား ငွေကျပ် ၇၉၇ သိန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးထားပြီး မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ မောင်ခိုင်

*စာမျက်နှာ ၁၀ မှ*

ယှဉ်တွဲနေထိုင်လျက်ရှိပါသည်။ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့မှာ မှီတင်းနေထိုင်ကြသော တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ်ခိုင်မြဲမှုတို့အပေါ်တွင် မှီတည်လျက်ရှိပါသည်။ ရခိုင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ငြိမ်းချမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကြိုးမာန်တက်ပူးပေါင်းဆောင်ရွက်မှုများသည် ဒေသတွင်း တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် စွမ်းအားတစ်ရပ်အဖြစ် ဖြစ်တည်လျက်ရှိပါသည်။

နိဂုံးချုပ်အားဖြင့် ပြည်ထောင်စုဖွား ရခိုင်တိုင်းရင်းသားများသည် ရှေးနှစ်ပေါင်းများစွာကပင် စာပေ၊ ဂီတ၊ အနုပညာ၊ ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားပြီး ရှည်လျားသော သမိုင်းကြောင်းနှင့်အတူ တည်ရှိခဲ့သည့် တိုင်းရင်းသားလူမျိုးများဖြစ်ကြပါသည်။ ရခိုင်ပြည်နယ်သည် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ခရီးသွားလုပ်ငန်းနှင့် ကုန်သွယ်မှုလုပ်ငန်းများတွင် အခြေခံကောင်းများရရှိပြီးဖြစ်၍ ပြည်ထောင်စုတိုင်းရင်းသားအားလုံး၏ စုစည်းညီညွတ်မှုအားဖြင့် ပြည်နယ်ကြီးဖွံ့ဖြိုးတိုးတက်စေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရင်း သာယာလှပသော၊ ဖွံ့ဖြိုးတိုးတက်စည်ပင်သော ရခိုင်ပြည်နယ်၏ အနာဂတ်ကို မှန်းမျှော်ကာ နှစ်(၅၀) ပြည့် ရွှေရတုရခိုင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုလိုက်ရပါသည်။ ။

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်


ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား မီတာ ၄၀၀ တန်းကျော်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ပြိုင်ပွဲဝင်ကစားသမားများ ယှဉ်ပြိုင်နေစဉ်။


ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး ၅၄ ကီလိုတန်းလက်ဝှေ့ပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ထိုးသတ်စဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်စဉ်။


ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုအမျိုးသမီးအသင်းလိုက် ကကွက်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအဖွဲ့ ယှဉ်ပြိုင်စဉ်။
ဓာတ်ပုံ - မျိုးထက်ဦး

**နေပြည်တော် ဒီဇင်ဘာ ၁၁**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သတ်မှတ်ထားသော အားကစားကွင်း/ရုံများ၌ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၂၁)နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲများကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပရာ **အမျိုးသား ကြိုးတပ်သံလုံးပစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင်** မန္တလေးတိုင်းဒေသကြီးမှ ဇင်မင်းခန့်က ပထမ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဘိုဘိုရှိုင်းက ဒုတိယ၊ ရန်ကုန်တိုင်းဒေသကြီးမှ ထက်လင်းဦးက တတိယဆုကို လည်းကောင်း၊ **အမျိုးသမီး ကြိုးတပ်သံလုံးပစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင်** မကွေးတိုင်းဒေသကြီးမှ သဲအိထွေးက ပထမ၊ မကွေးတိုင်းဒေသကြီးမှ ဝင်းအိဖြိုးက ဒုတိယ၊ ချင်းပြည်နယ်မှ ထန်ဒိမ့်ခိုင်က တတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

**အမျိုးသား မီတာ ၁၀၀၀၀ အပြေးပြိုင်ပွဲဗိုလ်လုပွဲတွင်** ရှမ်းပြည်နယ်မှ ကျော်မင်းအောင်က ပထမ၊ ရန်ကုန်တိုင်းဒေသကြီးမှ မြတ်ဝင်းလှိုင်က ဒုတိယ၊ ကချင်ပြည်နယ်မှ ဂျိုဆာစီက တတိယဆုကိုလည်းကောင်း၊ **အမျိုးသမီး မီတာ ၁၀၀၀၀ အပြေးပြိုင်ပွဲ ဗိုလ်လုပွဲတွင်** တနင်္သာရီတိုင်းဒေသကြီးမှ အိအိဝိုင်းက ပထမ၊ ပဲခူးတိုင်းဒေသကြီးမှ မေမြတ်နိုးဇင်က ဒုတိယ၊ ပဲခူးတိုင်းဒေသကြီးမှ မေမြတ်နိုးခင်က တတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

**အမျိုးသားသုံးဆင့်ခုန် ဗိုလ်လုပွဲတွင်** ဧရာဝတီတိုင်းဒေသကြီးမှ လှမျိုးနိုင်က ပထမ၊ ကချင်ပြည်နယ်မှ နေဇော်လင်းက ဒုတိယ၊ ရှမ်းပြည်နယ်မှ ဟိန်းထက်အောင်က တတိယဆုကိုလည်းကောင်း၊ **အမျိုးသမီးသုံးဆင့်ခုန် ဗိုလ်လုပွဲတွင်** ဧရာဝတီတိုင်းဒေသကြီးမှ အိအိဖြိုးက ပထမ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ အေးအေးမိုးက ဒုတိယ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ပြည့်ဖြိုးမေက တတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

**အမျိုးသား မီတာ ၄၀၀ တန်းကျော်ပြိုင်ပွဲ ဗိုလ်လုပွဲတွင်** စစ်ကိုင်းတိုင်းဒေသကြီးမှ မျိုးမင်းထွန်းက ပထမ၊ မန္တလေးတိုင်းဒေသကြီးမှ နန္ဒကျော်က ဒုတိယ၊ တနင်္သာရီတိုင်းဒေသကြီးမှ ရင်ဟုန်စိုး က တတိယဆုကိုလည်းကောင်း၊ **အမျိုးသမီး မီတာ ၄၀၀ တန်းကျော်ပြိုင်ပွဲ ဗိုလ်လုပွဲတွင်** ရှမ်းပြည်နယ်မှ အေးသော်တာခိုင်က ပထမ၊ ပဲခူးတိုင်းဒေသကြီးမှ နှင်းပွင့်လှိုင်က ဒုတိယ၊ တနင်္သာရီတိုင်းဒေသကြီးမှ ညိုညိုဌေးက တတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး မြန်မာ့သိုင်းပြိုင်ပွဲကို** ရွှေကြာပင်အားကစားရုံ၌ ကျင်းပရာ **လက်ထောက်နည်းပြအဆင့် အမျိုးသားဓားနှစ်လက် စွမ်းရည်ပြပြိုင်ပွဲ**တွင် မကွေးတိုင်းဒေသကြီးက ပထမ၊ ရှမ်းပြည်နယ်က ဒုတိယ၊ ရန်ကုန်တိုင်းဒေသကြီးက တတိယဆုကိုလည်းကောင်း၊ **လက်ထောက်နည်းပြအဆင့် အမျိုးသားတစ်ကိုယ်တော် တုတ်ရှည်စွမ်းရည်ပြပြိုင်ပွဲတွင်** ရန်ကုန်တိုင်းဒေသကြီးမှ အောင်ခန့်ပိုင်က ပထမ၊ မွန်ပြည်နယ်မှ ကောင်းမြတ်စံက ဒုတိယ၊ ရှမ်းပြည်နယ်မှ ခန့်စည်သူက တတိယဆုကိုလည်းကောင်း၊ **လက်ထောက်နည်းပြအဆင့် အမျိုးသားတစ်ကိုယ်တော်ဓားနှစ်လက်ပြစွမ်းရည်ပြပြိုင်ပွဲတွင်** မကွေးတိုင်းဒေသကြီးမှ ကျော်ဝင်းလှိုင်က ပထမ၊ ရှမ်းပြည်နယ်မှ ခန့်စည်သူက ဒုတိယ၊ ရန်ကုန်တိုင်းဒေသကြီးမှ အောင်ခန့်ပိုင်က တတိယဆုကိုလည်းကောင်း၊ **အမျိုးသား တုတ်ရှည်စွမ်းရည်ပြပြိုင်ပွဲတွင်** ရန်ကုန်တိုင်းဒေသကြီးက ပထမ၊ မွန်ပြည်နယ်က ဒုတိယ၊ ရှမ်းပြည်နယ်က တတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

**အတွဲလိုက်စွမ်းရည်ပြပြိုင်ပွဲ (မ-၁/ ကျား-၂) လက်နက်မဲ့/ ဓားမြှောင်/ ဓားရှည်ပြိုင်ပွဲတွင်** ရန်ကုန်တိုင်းဒေသကြီးက ပထမ၊ ရှမ်းပြည်နယ်က ဒုတိယ၊ စစ်ကိုင်းတိုင်းဒေသကြီးက တတိယဆုကိုလည်းကောင်း၊ **(မ-၁/ကျား-၃) လက်နက်မဲ့/ ဓားမြှောင် / ဓားရှည်/ တုတ်ရှည် အတွဲလိုက် စွမ်းရည်ပြပြိုင်ပွဲတွင်** ကချင်ပြည်နယ်က ပထမ၊ ဧရာဝတီတိုင်းဒေသကြီးက ဒုတိယ၊ ရှမ်းပြည်နယ်က တတိယဆုကိုလည်းကောင်း၊ **အမျိုးသား-အမျိုးသမီး လက်နက်မဲ့/ ဓားမြှောင် စွမ်းရည်ပြပြိုင်ပွဲတွင်** မန္တလေးတိုင်းဒေသကြီးမှ သီဟဇော်နှင့် စန္ဒာထွန်းတို့က ပထမ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ မျိုးမင်းသော်နှင့် လှိုင်သီတာမိုးတို့က ဒုတိယ၊ ရှမ်းပြည်နယ်မှ စိုင်းနောင်နှင့် နန်းဆိုင်လောင်တို့က တတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၂၀)နှစ်အောက် ဘော်လီဘောပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို** ဝဏ္ဏသိဒ္ဓိ အားကစားကွင်း (B)ရုံ၌ ကျင်းပရာ **အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင်** မန္တလေးတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို ၃ ပွဲပြတ်၊ ရှမ်းပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို ၃ ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင်** ရှမ်းပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို ၃ပွဲပြတ်၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို ၃ ပွဲပြတ် ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲများကို** ဝဏ္ဏသိဒ္ဓိ အားကစားကွင်းတိုက်ကွမ်ဒိုရုံ၌ ကျင်းပရာ **အမျိုးသားတစ်ဦးချင်း ကကွက်ပြိုင်ပွဲတွင်** ရန်ကုန်တိုင်းဒေသကြီးမှ ဖြိုးဟန်ကျော်က ပထမ၊ မွန်ပြည်နယ်မှ သန့်စင်သူက ဒုတိယ၊ ရှမ်းပြည်နယ်မှ ဟိန်းယံထွန်းနှင့် ကရင်ပြည်နယ်မှ မြင့်မြတ်ရွှေတို့က ပူးတွဲ တတိယဆုကိုလည်းကောင်း၊ **အမျိုးသမီးတစ်ဦးချင်း ကကွက်ပြိုင်ပွဲတွင်** ရန်ကုန်တိုင်းဒေသကြီးမှ ဝင်းသင်္ဂီထွန်းက ပထမ၊ ပဲခူးတိုင်းဒေသကြီးမှ သက်ထားသူဇာက ဒုတိယ၊ ရှမ်းပြည်နယ်မှ နော်ပြေဖေဖောနှင့် ချင်းပြည်နယ်မှ ဖြူစင်သူတို့က ပူးတွဲတတိယဆုကိုလည်းကောင်း၊ **အမျိုးသားအမျိုးသမီးအတွဲ Pair ကကွက်ပြိုင်ပွဲတွင်** ရန်ကုန်တိုင်းဒေသကြီးမှ စိုင်းနေဇင်ထွန်းနှင့် လင်းလဲ့ကြယ်ဖြူက ပထမ၊ မွန်ပြည်နယ်မှ သန့်စင်သူနှင့် ကြယ်စင်သော်က ဒုတိယ၊ ရှမ်းပြည်နယ်မှ ဟိန်းယံထွန်းနှင့် နော်ပြေဖော၊ မန္တလေးတိုင်းဒေသကြီးမှ စောလုကာကျော်နှင့် မေရတနာအောင်တို့က ပူးတွဲတတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

**အမျိုးသားအသင်းလိုက် ကကွက်ပြိုင်ပွဲတွင်** ရန်ကုန်တိုင်းဒေသကြီးမှ ဇော်ဒန်အောင်နှင့်အဖွဲ့က ပထမ၊ ပဲခူးတိုင်းဒေသကြီးမှ ဇင်မြတ်ထွန်းနှင့်အဖွဲ့က ဒုတိယ၊ မွန်ပြည်နယ်မှ သန့်စင်သူနှင့်အဖွဲ့၊ ကရင်ပြည်နယ်မှ ထင်အောင်လင်းနှင့် အဖွဲ့တို့က ပူးတွဲတတိယဆုကိုလည်းကောင်း၊ **အမျိုးသမီးအသင်းလိုက် ကကွက်ပြိုင်ပွဲတွင်** ရန်ကုန်တိုင်းဒေသကြီးမှ ထူးသဥ္ဇာအောင်နှင့်အဖွဲ့က ပထမ၊ ကယားပြည်နယ်မှ ရွှေလင်းခိုင်နှင့်အဖွဲ့က ဒုတိယ၊ ရှမ်းပြည်နယ်မှ နော်ပြေဖောနှင့်အဖွဲ့၊ ပဲခူးတိုင်းဒေသကြီးမှ သက်ထားသူဇာနှင့်အဖွဲ့တို့က ပူးတွဲတတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း (C) ရုံ၌ ကျင်းပရာ **အမျိုးသား Kata ပြိုင်ပွဲတွင်** ရန်ကုန်တိုင်းဒေသကြီးအသင်းက ပထမ၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ဒုတိယ၊ ကရင်ပြည်နယ်နှင့် ကချင်ပြည်နယ်တို့က ပူးတွဲတတိယဖြင့်လည်းကောင်း၊ **အမျိုးသမီး Kata ပြိုင်ပွဲတွင်** ကချင်ပြည်နယ်က ပထမ၊ မွန်ပြည်နယ်က ဒုတိယ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် ရခိုင်ပြည်နယ်တို့က ပူးတွဲတတိယဖြင့်လည်းကောင်း၊ **အမျိုးသား ၅၅ ကီလိုတန်းအောက်ပြိုင်ပွဲတွင်** ကချင်ပြည်နယ်မှ ကျော်ဇောအောင်က ပထမ၊ ရန်ကုန်တိုင်းဒေသကြီးမှ သီဟသော်က ဒုတိယ၊ ဧရာဝတီတိုင်းဒေသကြီးမှ မျိုးဇော်ထက်နှင့် ကရင်ပြည်နယ်မှ ထက်ကိုဝင်းတို့က ပူးတွဲတတိယဖြင့်လည်းကောင်း၊ **အမျိုးသား ၆၀ ကီလိုတန်းအောက်ပြိုင်ပွဲတွင်** ရန်ကုန်တိုင်းဒေသကြီးမှ နိုင်ဌေးက ပထမ၊ ကချင်ပြည်နယ်မှ မိုးကျော်ကျော်က ဒုတိယ၊ ဧရာဝတီတိုင်းဒေသကြီးမှ ဝေလင်းထွေးနှင့် ကရင်ပြည်နယ်မှ အောင်ဆက်ပိုင်တို့က ပူးတွဲတတိယဖြင့်လည်းကောင်း၊ **အမျိုးသား ၆၆ ကီလိုတန်းအောက် ပြိုင်ပွဲတွင်** စစ်ကိုင်းတိုင်းဒေသကြီးမှ လှိုင်မင်းခန့်က ပထမ၊ ကရင်ပြည်နယ်မှ စောမြသံစဉ်က ဒုတိယ၊ ရခိုင်ပြည်နယ်မှ ဟိန်းထက်ဇော်နှင့် ရန်ကုန်တိုင်းဒေသကြီးမှ သန့်ဇော်ဦးတို့က ပူးတွဲတတိယဖြင့်လည်းကောင်း၊ **အမျိုးသား ၇၃ ကီလိုတန်းအောက်ပြိုင်ပွဲတွင်** ရှမ်းပြည်နယ်မှ သန့်ဇင်ဝင်းအောင်က ပထမ၊ ဧရာဝတီတိုင်းဒေသကြီးမှ အောင်သန်းကျော်က ဒုတိယ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ လင်းထက်ဦးနှင့် ကချင်ပြည်နယ်မှ လဦးတိုက်ခေါ်တို့က ပူးတွဲတတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

**အမျိုးသမီး ၄၅ ကီလိုတန်းအောက်ပြိုင်ပွဲတွင်** ကချင်ပြည်နယ်မှ ဆောင်ယုံက ပထမ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ခိုင်စပယ်က ဒုတိယ၊ ပဲခူးတိုင်းဒေသကြီးမှ လှသူဇာနှင့် မန္တလေးတိုင်းဒေသကြီးမှ နီမာထွန်းတို့က ပူးတွဲတတိယဖြင့်လည်းကောင်း၊ **အမျိုးသမီး ၄၈ ကီလိုတန်းအောက်ပြိုင်ပွဲတွင်** ကချင်ပြည်နယ်မှ အိအိသဇင်ဇော်က ပထမ၊ ဧရာဝတီတိုင်းဒေသကြီးမှ နှင်းဝတ်မှုံလွင်က ဒုတိယ၊ မန္တလေးတိုင်းဒေသကြီးမှ ယမင်းသူဇာလှိုင်နှင့် ရန်ကုန်တိုင်းဒေသကြီးမှ ပုံ့ပုံ့စိုးတို့က ပူးတွဲတတိယဖြင့်လည်းကောင်း၊

*စာမျက်နှာ ၁၃ သို့*

*စာမျက်နှာ ၁၂ မှ*

**အမျိုးသမီး ၅၂ ကီလိုတန်းအောက် ပြိုင်ပွဲတွင်** ဧရာဝတီတိုင်းဒေသကြီးမှ နန့်ဖြိုးသီရိဟန်က ပထမ၊ မွန်ပြည်နယ်မှ နော်မြတ်နိုးရွှေစင်က ဒုတိယ၊ ချင်းပြည်နယ်မှ စန္ဒာဝင်းနှင့် ကချင်ပြည်နယ်မှ မေဇင်ဖြိုးတို့က ပူးတွဲတတိယဖြင့်လည်းကောင်း၊ **အမျိုးသမီး ၅၇ ကီလိုတန်းအောက်ပြိုင်ပွဲတွင်** စစ်ကိုင်းတိုင်းဒေသကြီးမှ ငွေပုံချစ်က ပထမ၊ ကချင်ပြည်နယ်မှ ပြည့်စုံအောင်က ဒုတိယ၊ မန္တလေးတိုင်းဒေသကြီးမှ ငုချယ်ဦးနှင့် ရှမ်းပြည်နယ်မှ စံပယ်နှင်းတို့က ပူးတွဲတတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး လက်ဝှေ့ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း လက်ဝှေ့ရုံ၌ကျင်းပရာ **အမျိုးသား ၅၄ ကီလိုတန်းပြိုင်ပွဲတွင်** မန္တလေးတိုင်းဒေသကြီးမှ ဇော်ဇော်နိုင်က တနင်္သာရီတိုင်းဒေသကြီးမှ အာကာဖြိုးကို လည်းကောင်း၊ ရှမ်းပြည်နယ်မှ ရှိုင်းငယ်က ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ဝင်းထိုက်ကိုလည်းကောင်း၊ **အမျိုးသား ၆၃ ဒသမ ၅ ကီလိုတန်းပြိုင်ပွဲတွင်** ကချင်ပြည်နယ်မှ နုတ်မာရ်က ပဲခူးတိုင်းဒေသကြီးမှ ဘုန်းမြင့်မောင်ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးမှ စိုင်းနောင်က စစ်ကိုင်းတိုင်းဒေသကြီးမှ ကျော်မျိုးဟန်ကိုလည်းကောင်း၊ **အမျိုးသား ၇၁ ကီလိုတန်းပြိုင်ပွဲတွင်** မန္တလေးတိုင်းဒေသကြီးမှ အောင်မြင့်ထွန်းက ပဲခူးတိုင်းဒေသကြီးမှ ဇင်မင်းကို ကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ အောင်ဇင်ထိုက်က ကရင်ပြည်နယ်မှ စောငွေမိုးကိုလည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**အမျိုးသမီး ၅၀ ကီလိုတန်းပြိုင်ပွဲတွင်** တနင်္သာရီတိုင်းဒေသကြီးမှ အေးအေးမူက စစ်ကိုင်းတိုင်းဒေသကြီးမှ ပြည့်စုံဝင်းကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ မြမိုးသူက ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ အိမ့်မြတ်သော်ကိုလည်းကောင်း၊ **အမျိုးသမီး ၅၂ ကီလိုတန်း ပြိုင်ပွဲတွင်** မန္တလေးတိုင်းဒေသကြီးမှ သက်ထားဖိုလ်က ရှမ်းပြည်နယ်မှ ထက်ထက်အောင်ကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီးမှ သင်းသင်းခိုင်က တနင်္သာရီတိုင်းဒေသကြီးမှ အေးအေးပြည့်ကိုလည်းကောင်း၊ **အမျိုးသမီး ၅၄ ကီလိုတန်းပြိုင်ပွဲတွင်** တနင်္သာရီတိုင်းဒေသကြီးမှ ထားထားနွယ်က ရှမ်းပြည်နယ်မှ မိုးပြည့်ပြည့်လွင်ကိုလည်းကောင်း၊ ကရင်ပြည်နယ်မှ နန်းသန္တာသိမ့်က ရန်ကုန်တိုင်းဒေသကြီးမှ လင်းလက်နေခြည်ကို လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် (၂၁)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲအုပ်စုပွဲစဉ်များကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်း(၃)/(၄) တို့တွင် ယှဉ်ပြိုင်ကစားကြရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ဂိုး – ဂိုးမရှိ၊ ရှမ်းပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို လေးဂိုး – ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် (၂၅) နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ**ကို ဘောဂဝတီအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက



ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်းအမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဖူဆယ်ပြိုင်ပွဲ အုပ်စုပွဲစဉ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။



ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်တွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ဂိုး– တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲများကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်အားကစားရုံ၌ကျင်းပရာ **အမျိုးသားဖူဆယ်ပြိုင်ပွဲ တတိယလုပွဲ**တွင် တနင်္သာရီတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို သုံးဂိုး– ဂိုးမရှိ၊ **ဗိုလ်လုပွဲစဉ်တွင်** ရှမ်းပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို ငါးဂိုး– လေးဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး **ရှမ်းပြည်နယ်အသင်းက ပထမ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ဒုတိယ၊ တနင်္သာရီတိုင်းဒေသကြီးက တတိယဆုကိုရရှိခဲ့ကြသည်။**

**အမျိုးသမီးဖူဆယ်ပြိုင်ပွဲ တတိယလုပွဲပြိုင်ပွဲတွင်** ဧရာဝတီတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို ခုနစ်ဂိုး – လေးဂိုး၊ **ဗိုလ်လုပွဲစဉ်တွင်** ရန်ကုန်တိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို ခြောက်ဂိုး – နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး **ရန်ကုန်တိုင်းဒေသကြီးအသင်းက ပထမ၊ ကချင်ပြည်နယ်အသင်းက ဒုတိယ၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက တတိယဆု**တို့ကို ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားလေးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ**ကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း(A)ရုံ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ၂ ပွဲပြတ်၊ ရှမ်းပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို ၂ ပွဲ – ၁ ပွဲ၊ ပဲခူးတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ၂ ပွဲပြတ်၊ ကချင်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီး အသင်းကို ၂ ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ၂ ပွဲပြတ်၊ မွန်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို ၂ ပွဲ – ၁ ပွဲ၊ ကယားပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို ၂ ပွဲ – ၁ ပွဲ၊ ရှမ်းပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို ၂ ပွဲ – ၁ ပွဲ၊ ရခိုင်ပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ၂ ပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ၂ ပွဲပြတ်၊ ကချင်ပြည်နယ်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ၂ ပွဲ – ၁ ပွဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို ၂ ပွဲပြတ်၊ ကရင်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို ၂ ပွဲပြတ်၊ ရခိုင်ပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို ၂ ပွဲပြတ်၊ ရှမ်းပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ၂ ပွဲပြတ်၊ ကချင်ပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ၂ ပွဲ – ၁ ပွဲ၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို ၂ ပွဲပြတ်၊ မွန်ပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို ၂ ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို ၂ ပွဲပြတ်၊ ကယားပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို ၂ ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဘော်လီဘောရုံ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာနအသင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို ၃ပွဲ – ၁ ပွဲ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို ၃ပွဲ – ၁ ပွဲ၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနအသင်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းကို ၃ ပွဲပြတ်၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို ၃ ပွဲပြတ်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက စွမ်းအင်ဝန်ကြီးဌာနအသင်းကို ၃ ပွဲပြတ်၊ ကာကွယ်ရေး ဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းကို ၃ ပွဲပြတ်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းကို ၃ ပွဲပြတ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို ၃ ပွဲ – ၂ ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။

**အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ** သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်းကို ၃ ပွဲပြတ်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းကို ၃ ပွဲပြတ်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို ၃ ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲအုပ်စု ပွဲစဉ်များ**ကို ပေါင်းလောင်းအားကစားကွင်း၊ ရွှေကြာပင်အားကစားကွင်းနှင့် လယ်ဝေး TC–2 အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်း တို့က တစ်ဖက် ၂ ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းကို ၂ ဂိုး– ၁ ဂိုး၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို ၄ ဂိုး – ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဖူဆယ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်ရုံ၌ကျင်းပရာ အလုပ်သမား ဝန်ကြီးဌာနအသင်းက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်းကို ၄ ဂိုး – ၁ ဂိုး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအသင်းတို့က တစ်ဖက် ၁ ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ပညာရေးဝန်ကြီးဌာနအသင်းက နိုင်ငံခြားရေးဝန်ကြီးဌာနအသင်းကို ၄ ဂိုး – ဂိုးမရှိ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို ၄ ဂိုး– ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ ဂေါက်သီးရိုက်ပွဲ**ကို မြို့တော်ဂေါက်ကွင်း၌ကျင်းပရာ **တစ်ဦးချင်းပြိုင်ပွဲ(အကျောပေး)** ပြိုင်ပွဲတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းမှ မျိုးလွင်ဦးက ပထမ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းမှ ကျော်နိုင်ဦးက ဒုတိယ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းမှ ဟိန်းဇေယျက တတိယဆုကိုလည်းကောင်း၊ **တစ်ဦးချင်းပြိုင်ပွဲ (အကျောမဲ့) ပြိုင်ပွဲတွင်** ကာကွယ်ရေးဝန်ကြီးဌာနမှ သက်ထွန်းဦးက ပထမ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ချမ်းငြိမ်းက ဒုတိယ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ရန်နိုင်အေးက တတိယဆုကိုလည်းကောင်း၊ **အသင်းလိုက် အကျောပေးပြိုင်ပွဲတွင်** ကာကွယ်ရေးဝန်ကြီးဌာနက ပထမ၊ ပြည်ထဲရေးဝန်ကြီးဌာနက ဒုတိယ၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက တတိယ၊ **အသင်းလိုက် အကျောမဲ့ပြိုင်ပွဲတွင်** ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ပထမ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက ဒုတိယ၊ အလုပ်သမားဝန်ကြီးဌာနက တတိယဆုကို လည်းကောင်း၊ Hole in One Prize ဆုကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ မျိုးလွင်ဦးက ကျင်းအမှတ် (၁၂) တွင် ရရှိခဲ့ကြသည်။

ယနေ့ကျင်းပသည့် အားကစားပြိုင်ပွဲများသို့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အားကစားနည်းအလိုက် အဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် အားကစားဝါသနာရှင် ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

**သတင်းစဉ်**

# ၂၀၂၄ ခုနှစ် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီးတိုက်ကွမ်ဒိုပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များ ပြိုင်ပွဲဝင်ယှဉ်ပြိုင်စဉ်။ ဓာတ်ပုံ-မျိုးထက်



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားတိုက်ကွမ်ဒိုပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ-မျိုးထက်



ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲ အမျိုးသမီး ၄၈ ကီလိုတန်းအောက်ပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ အိအိသဇင်ဇော်နှင့် ဧရာဝတီတိုင်းဒေသကြီးမှ နှင်းဝတ်မှုံလွင်တို့ ယှဉ်ပြိုင်စဉ်။ ဓာတ်ပုံ-ဇင်ဟိန်း



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား မီတာ ၄၀၀ တန်းကျော်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားဖူဆယ်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားစဉ်။



ဝန်ကြီးဌာနအဆင့် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။





ပြည်နယ်နှင့် တိုင်းဒေသကြီး မြန်မာ့သိုင်းပြိုင်ပွဲ တွဲဖက်နည်းပြအဆင့် ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီးဖူဆယ်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

# အားကစားပွဲတော်တွေကျင်းပတာက လက်ရွေးစင်အားကစားသမားကောင်းတွေ ထွက်ပေါ်လာပြီး တစ်ချိန်က အောင်မြင်မှုတွေရရှိခဲ့တဲ့ မြန်မာတွေရဲ့ အားကစားခေတ်တစ်ခေတ်ကို ပြန်လည်ရရှိနိုင်မယ်လို့ ယုံကြည်ပါတယ်

အောင်ခေတ်ပိုင်


ဦးဝဏ္ဏထွန်း


ဦးစိုးထွဋ်ဦး(နည်းပြ)


အောင်ခေတ်ပိုင်



မပြည့်စုံအောင်၊ မအိအိသဇင်ဇော်


မနန္ဒာဝင်း

နေပြည်တော် ဒီဇင်ဘာ ၁၁

**ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီး ဆက်လက်ကျင်းပလျက်ရှိရာ ပြိုင်ပွဲအသီးသီးမှ အားကစားသမားများ၊ ကြီးကြပ်သူများ၊ နည်းပြများနှင့် တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်မှအချို့အား ကောက်နုတ်ဖော်ပြလိုက်ရပါသည်။**

**ဦးဝဏ္ဏထွန်း**
**(ဂျူဒိုနည်းပြ၊ ကချင်ပြည်နယ်အသင်း)**

ကျွန်တော်တို့အသင်းအနေနဲ့ ပထမဦးဆုံး ကချင်ပြည်နယ်အတွက် ရွှေတံဆိပ်ဆု ရယူပေးနိုင်တဲ့အတွက် ဝမ်းမြောက်ဝမ်းသာပျော်ရွှင်မိတယ်။ ဂျူဒို (KATA)ကစားနည်းက ထည့်သွင်းကစားတာ သုံးနှစ်ပဲရှိသေးတယ်။ ဒီပြိုင်ပွဲမှာဆို ၁၅ မျိုး ယှဉ်ပြိုင်ရတာဖြစ်တဲ့အတွက် အများကြီးလေ့ကျင့်ရတယ်။ ကျွန်တော်တို့နိုင်ငံမှာက ပြိုင်ပွဲတွေနည်းတဲ့အတွက် ခုလို အားကစားပွဲတော်တွေ များများကျင်းပပေးမယ်ဆို မျိုးဆက်သစ်ကစားသမားတွေ ပေါ်ထွက်လာမယ်။ ဒီပွဲတော်ကြီးမှာ ပါဝင်ယှဉ်ပြိုင်ဖို့အတွက် လေ့ကျင့်မှုတွေကအစ နှစ်လ၊ သုံးလကြာ ကြိုတင်လေ့ကျင့်ရတော့ ကစားသမားတွေအတွက် ကစားအားပိုကောင်းတယ်။ နိုင်ငံ့ဂုဏ်ဆောင်နိုင်မယ့် ကစားသမားတွေလည်း ထွက်ပေါ်လာနိုင်တယ်။ ပြည်နယ်အစိုးရကလည်း ထောက်ပံ့မှုအပြည့် ပံ့ပိုးပေးတဲ့အတွက်လည်း ကျေးဇူးတင်တယ်။

**ဦးစိုးထွဋ်ဦး(နည်းပြ)**
**ရန်ကုန်တိုင်းဒေသကြီးအသင်း**

ကျွန်တော်တို့ တိုက်ကွမ်ဒိုအသင်းအနေနဲ့ လက်ရှိမှာ ရွှေတံဆိပ်ခြောက်ဆု ရရှိထားပါတယ်။ ကစားသမားတွေရဲ့ ကြိုးစားအားထုတ်မှုကိုလည်း အံ့မခန်းဖြစ်ရပါတယ်။ ရွှေတံဆိပ်ဆုရရှိတဲ့အတွက်လည်း ဝမ်းသာမျက်ရည်ကျမိပါတယ်။ လေ့ကျင့်မှုကာလ နှစ်လအတွင်းမှာ တစ်နေ့ကို Training လေးကြိမ် သတ်မှတ်ပြီး လေ့ကျင့်ပေးခဲ့ပါတယ်။ အခုလို အားကစားပွဲတော်ကြီး ကျင်းပတဲ့အတွက် အားကစားသမားကောင်းတွေ ထွက်ပေါ်လာတယ်။ ဆီးဂိမ်းအတွက်လည်း ကစားသမားကောင်းတွေ ထပ်မံရွေးချယ်ခွင့်ရသလို နိုင်ငံ့ဂုဏ်ဆောင်နိုင်တဲ့ ရွှေတံဆိပ်ဆုရှင်တွေ ထွက်ပေါ်လာမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ အားကစားပွဲတော်ကြီးမှာ ပံ့ပိုးမှုတွေ များစွာပေးထားသလို ကစားသမားတွေရဲ့ ကြိုးစားမှုအပေါ်မှာ ဆုတံဆိပ်နဲ့ ဆုကြေးငွေပါ ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးတာတွေ့ရတယ်။ တိုင်းဒေသကြီးကလည်း ဆုကြေးငွေပေးတဲ့အတွက် များစွာအားတက်ရပါတယ်။ အခုလို အားကစားပွဲတော်တွေ များများကျင်းပပေးမယ်ဆိုရင် ကစားသမားတွေအတွက်တော့ အတိုင်းထက်အလွန် ဝမ်းသာရပါတယ်။

**အောင်ခေတ်ပိုင်**
**တိုက်ကွမ်ဒို**

ကျွန်တော့်အသင်းက သုံးယောက်တွဲ တိုက်ကွမ်ဒိုကကွက်အသင်းလိုက်ပြိုင်ပွဲမှာ ရွှေတံဆိပ်ဆုရရှိပြီး ရန်ကုန်တိုင်းရဲ့ ဂုဏ်ဆောင်နိုင်တဲ့အတွက် ပျော်ရွှင်ရပါတယ်။ လေ့ကျင့်မှုကတော့ နှစ်လကြာလေ့ကျင့်ခဲ့ရပြီး အသင်းလိုက်ယှဉ်ပြိုင်ပွဲဖြစ်လို့ ကကွက်အလှပြတဲ့နေရာမှာ ညီညာမှုရှိအောင် ပြိုင်ပွဲဝင်အားလုံးက စိတ်တူကိုယ်တူ ကြိုးစားလေ့ကျင့်ခဲ့ပါတယ်။ ဒီအားကစားပွဲတော်ကြီးကနေ မျိုးဆက်သစ်ကစားသမားတွေ ထွက်ပေါ်လာမယ်လို့ မျှော်လင့်ပါတယ်။ အားကစားပွဲတော်တွေကျင်းပတာက လက်ရွေးစင်အားကစားသမားကောင်းတွေ ထွက်ပေါ်လာပြီး တစ်ချိန်က အောင်မြင်မှုတွေရရှိခဲ့တဲ့ မြန်မာတွေရဲ့ အားကစားခေတ်တစ်ခေတ်ကို ပြန်လည်ရရှိနိုင်မယ်လို့ ယုံကြည်ပါတယ်။


မောင်လှိုင်မင်းခန့်


မမေသက်ပိုင်


မသဲဆုဝေ

**မပြည့်စုံအောင်၊ မအိအိသဇင်ဇော်**
**(ဂျူဒို KATA၊ ကချင်ပြည်နယ်အသင်း)**

သုံးလကြာလေ့ကျင့်မှုကနေ ကချင်ပြည်နယ်အတွက် ရွှေတံဆိပ်ဆု ရယူပေးနိုင်တဲ့အတွက် အလွန်ပျော်ပါတယ်။ ကျွန်မတို့ယှဉ်ပြိုင်တဲ့ ဂျူဒို KATA ပြိုင်ပွဲမှာ ကစားနည်း ၁၅ မျိုး ယှဉ်ပြိုင်ရတဲ့အတွက် ကြိုးစားလေ့ကျင့်ခဲ့တယ်။ အားကစားပွဲတော်ကြီး ကျင်းပပေးတဲ့အတွက် လူငယ်ကစားသမားတစ်ယောက်အနေနဲ့ အခွင့်အလမ်းတွေရရှိနိုင်သလို ကြိုးစားရင် အောင်မြင်မှုတွေကနေ နိုင်ငံ့လက်ရွေးစင်ကစားသမားတွေ ပေါ်ထွက်နိုင်ပါတယ်။ အခုလို အားကစားပွဲတော်တွေကို များများကျင်းပပေးဖို့လည်း ကစားသမားတစ်ယောက်အနေနဲ့ မျှော်လင့်ပါတယ်။

**မနန္ဒာဝင်း(ကချင်ပြည်နယ်ကိုယ်စားပြု)**
**မြန်မာ့သိုင်းပြိုင်ပွဲ**

ကျွန်မက ကချင်ပြည်နယ်ကနေ ဓားနှစ်လက်/တုတ်ရှည်ပြိုင်ပွဲ နှစ်ပွဲယှဉ်ပြိုင်တာပါ။ မြန်မာ့သိုင်းကို စတင်လေ့ကျင့်တာ တစ်နှစ်ဝန်းကျင်ပဲ ရှိသေးတော့ အကျွမ်းကျင်ဆုံးတော့ မဟုတ်ပါဘူး။ ဒါပေမယ့် အခုလို ပြိုင်ပွဲကြီးကျင်းပတော့ ဝမ်းသာပြီး သေသေချာချာ လေ့ကျင့်ပြင်ဆင်ခဲ့ပါတယ်။ မြန်မာ့သိုင်းကို စိတ်ဝင်စားပါတယ်။ ကျွန်မတို့ ကချင်ပြည်နယ် မြစ်ကြီးနားမြို့မှာ မြန်မာ့သိုင်း သင်တန်းတွေလည်း ရှိတာမို့ တက်ခွင့်ရခဲ့တယ်။ မြန်မာ့သိုင်းဆိုတာ မြန်မာ့ရိုးရာ အားကစားနည်းဖြစ်သလို ကိုယ်ခံပညာလည်းဖြစ်ပါတယ်။ မြန်မာ့အမွေအနှစ်ဘာသာရပ်မို့ သင်ကြားတဲ့အခါ မြန်မာ့အမွေအနှစ်ပညာတစ်ခုကိုလည်း ကာကွယ်ထိန်းသိမ်းပြီးသားဖြစ်သလို ခန္ဓာကိုယ်လည်း ကျန်းမာကြံ့ခိုင်တယ်၊ မိမိကိုယ်ကိုနဲ့ ရပ်ရွာကိုလည်း ကာကွယ်စောင့်ရှောက်နိုင်တဲ့ အကျိုးကျေးဇူးတွေ ရရှိလာမှာဖြစ်ပါတယ်။ မြန်မာ့သိုင်းမှာ ကျွန်မက ဓားကိုင်ရတာ အကြိုက်ဆုံးပဲ။ ဓားစွမ်းပြတာကို သဘောကျတယ်။ ဘာကြောင့်လဲဆိုရင် အားနဲ့မာန်နဲ့ လုပ်ဆောင်ရတာမို့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတိုးစေတယ်။

**မောင်လှိုင်မင်းခန့်**
**(ရွှေတံဆိပ်ဆုရ စစ်ကိုင်းတိုင်းဒေသကြီးပြိုင်ပွဲဝင်)**
**ဂျူဒို – 66 Kg ပြိုင်ပွဲ**

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီး ဂျူဒိုဆီမီးဖိုင်နယ်ပွဲဖြစ်တဲ့ ရခိုင်ပြည်နယ်ကိုယ်စားပြု ဟိန်းထက်ဇော်နဲ့ ယှဉ်ပြိုင်တဲ့ပွဲမှာ ပွဲစစချင်းမှာပဲ ကျွန်တော့်ဒူးဆစ်က ပြုတ်သွားပါတယ်။ ဒူးဆစ်ပြုတ်သွားပေမယ့် မလျှော့သောဇွဲနဲ့ ပြိုင်ဘက်ကို အနိုင်ရအောင်ယူမယ်ဆိုတဲ့ ခံယူချက်နဲ့ယှဉ်ပြိုင်ခဲ့တဲ့အခါ ဖိုင်နယ်ပွဲဖြစ်တဲ့ ဗိုလ်လုပွဲကို တက်ရောက်လာပါတယ်။ ဆီမီးဖိုင်နယ်ပွဲပြီးပြီးချင်းမှာ ဒူးဆစ်ကို ပြန်တည့်ပြီး ဗိုလ်လုပွဲယှဉ်ပြိုင်ခဲ့ပါတယ်။ ဗိုလ်လုပွဲမှာလည်း ပြိုင်ဘက်ကစားသမားဖြစ်တဲ့ ကရင်ပြည်နယ်ကိုယ်စားပြု စောမြသန်းဇင်ကို ပွဲစစချင်း မြန်မြန်အနိုင်ယူလိုက်ပါတယ်။ အဲဒီလို ဇွဲမလျှော့တဲ့အတွက်ကြောင့် ရွှေတံဆိပ်ဆုရရှိခဲ့ပါတယ်။ ဗဟိုအဆင့်ကို တက်လှမ်းလာကြတဲ့ အားကစားသမားတွေဆိုတော့ အားလုံးက လက်ရည်တူတွေ ယှဉ်ပြိုင်ရတဲ့ပွဲ ဖြစ်ပါတယ်။ အဲဒီလို လက်ရည်တူ အားကစားသမားတွေထဲကမှ ရွှေတံဆိပ်ဆုရဖို့ဆိုရင် ကြိုးစားရုံတစ်ခုတည်းနဲ့ မဖြစ်ပါဘူး။ ဇွဲ၊ လုံ့လ၊ ဝီရိယရှိဖို့ အင်မတန်လိုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီပြိုင်ပွဲကြီးမှာ ရွှေရခဲ့တယ်ဆိုတာ ဇွဲ၊ လုံ့လ၊ ဝီရိယကြောင့် ရရှိခဲ့တာဖြစ်ပါတယ်။ နောက်လူငယ်မျိုးဆက်သစ်တွေအနေနဲ့ အားကစားတွေလုပ်တဲ့အခါ တစိုက်မတ်မတ် ဇွဲရှိရှိ ကြိုးစားပါ။ အဲဒီရဲ့နောက်မှာ အောင်မြင်မှုပန်းတိုင်က အသင့်စောင့်နေတယ်ဆိုတာကို သိစေချင်ပါတယ်။ အခုဒီပြိုင်ပွဲကြီးကနေတစ်ဆင့် ဆီးဂိမ်းပြိုင်ပွဲကြီးအထိ ယှဉ်ပြိုင်သွားဖို့ အားသွန်ခွန်စိုက် ကြိုးစားနေပါတယ်။ အခုလို အားကစားပွဲတော်ကြီး ကျင်းပပေးတဲ့ နိုင်ငံတော်အကြီးအကဲတွေကိုလည်း အများကြီးကျေးဇူးတင်ပါတယ်။ ဆရာသမားတွေကိုလည်း ကျေးဇူးတင်ပါတယ်။

**မမေသက်ပိုင်(ရန်ကုန်တိုင်းဒေသကြီး)**
**အမျိုးသမီး ပထမဆုရဖူဆယ်အသင်း**

ကျွန်မက အသက် ၁၆ နှစ်မှာ ဖူဆယ်စတင်ကစားခဲ့ပါတယ်။ ကျွန်မတို့ အခုအမျိုးသမီးပွဲမှာ ပထမဆုရပါတယ်။ အဓိကကတော့ ကျွန်မတို့အားလုံး စုစုစည်းစည်း ညီညီညွတ်ညွတ်နဲ့ လေ့ကျင့်ခဲ့ကြတယ်၊ အပင်ပန်းခံခဲ့ကြတယ်။ အဲဒီအကျိုးကို အခုပြန်ခံစားရတာဖြစ်တယ်လို့ ထင်ပါတယ်။ ပြိုင်ဘက်အသင်းဆိုရင်လည်း ဒီနေ့မှာ အကောင်းဆုံးကြိုးစားပြီး ကစားကြတာကို မြင်ရတယ်။ သူတို့လည်း အကောင်းဆုံး ပြင်ဆင်ထားမှန်း သိသာပါတယ်။ ဒါပေမယ့် အားကစားဆိုတော့ အရှုံး၊ အနိုင်ရှိတာပါ။ ဒီပွဲမှာ အရှေ့တိုက်စစ်နေရာက ကစားခဲ့တယ်။ ခန္ဓာကိုယ်ကြီးတော့ လှည့်တာ၊ ကန်ထုတ်တာက အားသာချက်ဖြစ်နေတော့ ရှေ့တန်းမှာ ကစားခွင့်ရခဲ့ပါတယ်။

**မသဲဆုဝေ (မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု)**
**မြန်မာ့သိုင်းပြိုင်ပွဲ**

ကျွန်မက အမျိုးသမီးတစ်ဦး+ အမျိုးသားသုံးဦး အတိုက်မှာ ယှဉ်ပြိုင်တာပါ။ မြန်မာ့သိုင်းက အခြားကိုယ်ခံပညာတွေနဲ့ မတူပါဘူး။ တချို့က ခြေကို အဓိကသုံးကြတယ်။ တချို့ကစားနည်းက လက်ကို အဓိကထားသုံးတယ်။ မြန်မာ့သိုင်းကတော့ လက်ရော၊ ခြေရော၊ အနီးအနားက တွေ့ရာ တုတ်၊ ဓားအားလုံးကို အသုံးပြုနိုင်တယ်။ အပျော့လည်းရသလို အမာလည်းရတယ်။ အကောင်းဆုံးကတော့ မြန်မာ့သိုင်းသင်ရတာ အခြားကိုယ်ခံပညာတွေထက် ငွေကုန်ကြေးကျနည်းသလို မြန်မာ့ရိုးရာကိုယ်ခံပညာတွေကို ထိန်းသိမ်းပေးရာရောက်တယ်။ မြန်မာ့သိုင်းကို ဘာကြောင့်သင်ယူဖြစ်သလဲဆိုရင် မြန်မာမှန်ရင် မြန်မာ့သိုင်းတတ်ဖို့သင့်တယ်ဆိုတဲ့ အတွေးကြောင့်ပါ။ နောက်တစ်ခုက မိန်းကလေးတွေဟာ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့အတွက် ကိုယ်ခံပညာ တစ်ခုခု တတ်ထားသင့်တာကြောင့် တတ်ဖြစ်ပါတယ်။ ကျွန်မက မန္တလေးတိုင်းဒေသကြီး အမရပူရက ရွှေခဲမင်းပင်မဆရာကြီး ဦးစိုးတင့်ဆီမှာ ပညာသင်ယူခဲ့ပါတယ်။ ငါးနှစ်တာသင်ယူခဲ့ပြီး ပြိုင်ပွဲကတော့ အခုမှ ပထမဆုံးအတွေ့အကြုံဖြစ်ပါတယ်။ ကန့်ဝင်ခဲ့တာ နှစ်လကြာခဲ့ပြီး နေ့စဉ်စနစ်တကျ လေ့ကျင့်မှုတွေကြောင့် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်နဲ့ အကောင်းဆုံး ယှဉ်ပြိုင်သွားမှာပါ။ ကျွန်မရဲ့ ရည်မှန်းချက်ကလည်း မြန်မာ့ရိုးရာသိုင်းပညာကို ကိုယ်တိုင်လည်း အကောင်းဆုံးလေ့လာသင်ယူပြီး တစ်နေ့နေ့မှာ ရိုးရာသိုင်းကလပ်အသင်း တည်ထောင်ပြီး မြန်မာ့သိုင်းကို ပိုမိုတိုးတက်ဖွံ့ဖြိုးအောင် လုပ်ဆောင်မယ်ဆိုပြီး ရည်မှန်းထားပါတယ်။

**တွေ့ဆုံမေးမြန်း - ခင်ရတနာ၊ ဇင်ဦး၊ ဟိန်းထက်ဇော်၊ မျိုးထက်ဦး၊ ဓာတ်ပုံ-ဟိန်းဇင်ထက်**

# အဖွဲ့ဝင်နိုင်ငံတွေကို ဘက်လိုက်မှုမရှိဘဲ တန်းတူညီမျှ ဆက်ဆံပေးစေလိုပါတယ်

**လုပ်သားမောင်**

အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့(ILO) ရဲ့ ဖွဲ့စည်းပုံစည်းမျဉ်း အပိုဒ် ၃၃ ကို ကျင့်သုံးပြီး မြန်မာနိုင်ငံအပေါ် အရေးယူမယ့် ဆုံးဖြတ်ချက်အဆို (မူကြမ်း)ကို ၂၀၂၅ ခုနှစ် မတ်လမှာ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့မှာ ကျင်းပပြုလုပ်မယ့် ILO ရဲ့ (၃၅၃) ကြိမ်မြောက် အုပ်ချုပ်မှုအဖွဲ့ အစည်းအဝေးကို တင်သွင်းမယ်လို့ သိရှိရပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ၁၈-၅-၁၉၄၈ ရက်နေ့မှာ ILO ကို အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပြီး ILO ရဲ့ ပြဋ္ဌာန်းချက် ၁၉၁ ခုအနက် ၁၉ ခုကို အတည်ပြုလက်မှတ်ရေးထိုးခဲ့ပါတယ်။ ILO ရဲ့ အခြေခံပြဋ္ဌာန်းချက် (Fundamental/Core Convention) ၁၀ ခုမှာ အဖွဲ့ဝင်နိုင်ငံတိုင်း အတည်ပြုလက်ခံထားခြင်း မရှိစေကာမူ မဖြစ်မနေ လိုက်နာကျင့်သုံးရမယ့် ပြဋ္ဌာန်းချက်ထဲမှာ ပါဝင်တဲ့ အဓမ္မခိုင်းစေမှုဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် (၂၉) (Forced Labour Convention No.29)၊ အသင်းအဖွဲ့များ လွတ်လပ်စွာ ဖွဲ့စည်းခွင့်နဲ့ စည်းရုံးခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် (၈၇) (Freedom of Association and the Protection of the Right to Organize Convention No.87) တို့ကို မြန်မာနိုင်ငံက ၄-၃-၁၉၅၅ ခုနှစ်ကစတင် လက်ခံကျင့်သုံးပြီး လိုက်နာဆောင်ရွက်ခဲ့ပေမယ့် အဓမ္မခိုင်းစေမှုဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ်(၂၉)ကို လိုက်နာဖို့ ပျက်ကွက်ကြောင်း စွပ်စွဲချက်နဲ့ ILO က ၁၉၉၇ ခုနှစ်မှာ မြန်မာနိုင်ငံဆိုင်ရာ စုံစမ်းစစ်ဆေးရေးကော်မရှင် (COI)ကို ဖွဲ့စည်းခဲ့ပါတယ်။ ပြီးနောက် ILO ရဲ့ ဖွဲ့စည်းပုံ စည်းမျဉ်း၊ အပိုဒ် ၃၃ ကို ကျင့်သုံးကာ ၂၀၀၀ ပြည့်နှစ် (၈၈) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံ(ILC)မှာမြန်မာနိုင်ငံအပေါ် အရေးယူတဲ့ဆုံးဖြတ်ချက် ချမှတ်ဆောင်ရွက်မှုတွေ ပြုလုပ်ခဲ့တာကို လေ့လာသိရှိရပါတယ်။

ဒီလို ကန့်သတ်ချက်တွေ ချမှတ်ခဲ့တာကြောင့် အလုပ်သမားရေးရာနဲ့ ဆက်နွယ်ပြီး မြန်မာနိုင်ငံမှာ လူမှုစီးပွားဖွံ့ဖြိုးမှုကို များစွာ အကျိုးသက်ရောက်မှုဖြစ်ခဲ့ရတဲ့အတွက် နိုင်ငံတော်အစိုးရက အဓမ္မခိုင်းစေမှုပပျောက်ရေးဆောင်ရွက်ရာမှာ ပိုမိုထိရောက်စေရေး အထောက်အကူပြုနိုင်ဖို့ မြန်မာနိုင်ငံမှာ ILO ဆက်သွယ်ရေးအရာရှိတစ်ဦး ထားရှိဖို့ အစိုးရနဲ့ ILO တို့အကြား ၂၀၀၂ ခုနှစ်က နားလည်မှုစာချွန်လွှာရေးထိုး ပူးပေါင်းဆောင်ရွက်ခဲ့တာကို လေ့လာသိရှိရပါတယ်။

ဒါ့အပြင် အဓမ္မခိုင်းစေမှုလုံးဝပပျောက်ရေးအတွက် ၂၀၀၇ ခုနှစ်က နောက်ဆက်တွဲ နားလည်မှုစာချွန်လွှာ (Supplementary Understanding-SU) ကိုလည်းကောင်း၊ ၂၀၁၅ ခုနှစ် က အဓမ္မခိုင်းစေမှုလုံးဝပပျောက်ရေးပူးတွဲမဟာဗျူဟာ (Joint Strategy for the Eradication of Forced Labour by 2015) ဆိုင်ရာ နားလည်မှုစာချွန်လွှာကို ၂၀၁၂ ခုနှစ်မှာလည်းကောင်း၊ ထပ်မံလက်မှတ်ရေးထိုး ပူးပေါင်းဆောင်ရွက်ခဲ့ရာ ILO အနေနဲ့ COI ရဲ့ အကြံပြု တိုက်တွန်းချက်တွေအပေါ် မြန်မာနိုင်ငံ လိုက်နာအကောင်အထည်ဖော်မှုကို ကျေနပ်ဖွယ်ရာ တွေ့ရှိရတဲ့အတွက် ၂၀၁၂ ခုနှစ် (၁၀၁) ကြိမ်မြောက်နဲ့ ၂၀၁၃ ခုနှစ်၊ (၁၀၂) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံတွေမှာ မြန်မာနိုင်ငံအပေါ် ချမှတ်ထားတဲ့ ကန့်သတ်ချက်အားလုံးကို ဖယ်ရှားပေးခဲ့ပါတယ်။

ယခုတစ်ခါ မြန်မာနိုင်ငံက ILO ရဲ့ ပြဋ္ဌာန်းချက်အမှတ် (၂၉) နဲ့ (၈၇) တို့ကို လိုက်နာဖို့ ပျက်ကွက်တယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ မြန်မာနိုင်ငံဆိုင်ရာစုံစမ်းစစ်ဆေးရေးကော်မရှင် (Commission of Inquiry-COI) ကို ၂၀၂၂ ခုနှစ်မှာ ဖွဲ့စည်းပြီး ILO ရဲ့ ဖွဲ့စည်းပုံစည်းမျဉ်း အပိုဒ် ၃၃ ကို ကျင့်သုံးကာ မြန်မာနိုင်ငံအပေါ် ပိတ်ဆို့အရေးယူမယ့် ဆုံးဖြတ်ချက်တွေ ချမှတ်ဖို့ကြိုးပမ်းဆောင်ရွက်ခြင်းဟာ ILO ရဲ့နှစ်ပေါင်း ၁၀၀ အတွင်း သမိုင်းတစ်လျှောက်မှာ မြန်မာနိုင်ငံအပေါ် ဒုတိယအကြိမ် အလုပ်သမားအရေးကို အကြောင်းပြုလို့ နိုင်ငံရေးအရ ဖိအားပေးဖို့အတွက် ILO ရဲ့ ဖွဲ့စည်းပုံစည်းမျဉ်း အပိုဒ် ၃၃ ကို ထပ်မံကျင့်သုံးဖို့ ကြိုးပမ်းနေခြင်းဖြစ်တယ်ဆိုတာ တွေ့ရှိလာရပါတယ်။

ILO ရဲ့ ပြဋ္ဌာန်းချက်အမှတ် (၂၉) ကို လိုက်နာဆောင်ရွက်တဲ့အနေနဲ့ အဓမ္မခိုင်းစေမှု တိုင်ကြားချက်တွေကို အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaint Mechanism- NCM) ထူထောင်ပြီး ဖြေရှင်းနိုင်ဖို့အတွက် ၂၀၁၉ ခုနှစ်မှာ NCM ထူထောင်ရေးကို စတင်ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၂၀ ပြည့်နှစ်က စတင်လို့ NCM က အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုတွေကို သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ပေါင်းစပ်ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း လေ့လာသိရှိရပါတယ်။

ILO ရဲ့ ပြဋ္ဌာန်းချက်အမှတ် (၈၇) ကို လိုက်နာဆောင်ရွက်တဲ့အနေနဲ့ ၂၀၁၁ ခုနှစ်မှာ အလုပ်သမားအဖွဲ့အစည်းဥပဒေကို ပြဋ္ဌာန်းပြီး အလုပ်သမား အဖွဲ့အစည်းတွေ လွတ်လပ်စွာ ဖွဲ့စည်းခွင့်ပြုခဲ့ရာမှာ ၂၀၂၄ ခုနှစ် နိုဝင်ဘာလအထိ အခြေခံ အလုပ်သမားအဖွဲ့အစည်း ၂၈၃၃ ဖွဲ့၊ မြို့နယ်အလုပ်သမား အဖွဲ့အစည်း ၁၅၈ ဖွဲ့၊ တိုင်းဒေသကြီး/ ပြည်နယ် အလုပ်သမား အဖွဲ့အစည်း ၂၅ ဖွဲ့၊ အလုပ်သမားအဖွဲ့ချုပ်ကိုးဖွဲ့၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ တစ်ဖွဲ့၊ အခြေခံအလုပ်ရှင် အဖွဲ့အစည်း ၂၆ ဖွဲ့၊ မြို့နယ်အလုပ်ရှင်အဖွဲ့အစည်း တစ်ဖွဲ့၊ အလုပ်ရှင်အဖွဲ့ချုပ်တစ်ဖွဲ့ စုစုပေါင်း ၃၀၅၄ ဖွဲ့တို့ကို အသိအမှတ်ပြုလက်မှတ်များထုတ်ပေးခဲ့တဲ့အပြင် အလုပ်သမားဝန်ကြီးဌာနအနေနဲ့ သုံးပွင့်ဆိုင်ယန္တရား တိုးတက်စေရေး၊ လုပ်ငန်းခွင်ထိခိုက်မှုများမှ ကာကွယ်နိုင်ရေး၊ ကလေးအလုပ်သမားများ ပပျောက်စေရေး၊ လူမှုဖူလုံရေးစောင့်ရှောက်မှုများ ပေးနိုင်ရေးနဲ့ အလုပ်သမားများအကျိုးအတွက် အခြား အလုပ်သမားရေးရာ ကိစ္စရပ်များတိုးတက်ဖြစ်ထွန်းစေရေး ရည်ရွယ်ချက်တွေနဲ့ ဥပဒေ၊ နည်းဥပဒေများပြဋ္ဌာန်းပြီး စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတာကို တွေ့မြင်ရပါတယ်။

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) ကို အလုပ်သမားများလုပ်ငန်းခွင် အခွင့်အရေးများဆိုင်ရာ စံသတ်မှတ်ချက်နဲ့ အခြေခံစည်းမျဉ်းများမြှင့်တင်ရေး၊ သင့်လျော်ကောင်းမွန်တဲ့ အလုပ်အကိုင်နဲ့ ဝင်ငွေဆိုင်ရာ ပိုမိုကောင်းမွန်တဲ့ အခွင့်အလမ်းတွေကို ဖန်တီးရေး၊ လူမှုကာကွယ်ရေးဆိုင်ရာ အကျုံးဝင်မှုနဲ့ ထိရောက်ကောင်းမွန်မှုကို မြှင့်တင်ရေး၊ သုံးပွင့်ဆိုင် ဆွေးနွေးညှိနှိုင်းမှု အားကောင်းစေရေး စသည်တို့ကို အဓိကထားဆောင်ရွက်ဖို့ ရည်ရွယ်ဖွဲ့စည်းထားတာဖြစ်ပါတယ်။

ILO အနေနဲ့ အလုပ်သမားအရေးကိစ္စတွေ တိုးတက်ဖို့အတွက် အဖွဲ့ဝင်နိုင်ငံတွေနဲ့ လက်တွဲပြီး ကူညီဆောင်ရွက်ရမှာ ဖြစ်ပေမယ့် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံအပေါ်မှာ နိုင်ငံရေးအရ ဝင်ရောက်စွက်ဖက်တဲ့ အပြုအမူတွေနဲ့ အရေးယူပိတ်ဆို့မှုတွေပြုလုပ်ဖို့ ဆောင်ရွက်တာဟာ မြန်မာအလုပ်သမားထုကို အလုပ်အကိုင်ရှားပါးလာစေဖို့၊ လူကုန်ကူးခံရစေဖို့၊ အကြမ်းဖက်အဖွဲ့အစည်းတွေရဲ့ စည်းရုံးမှုခံရစေဖို့၊ လိင်ကျေးကျွန်များဖြစ်စေဖို့၊ လက်နက်ကိုင်သောင်းကျန်းသူတွေ ကြီးစိုးရာဒေသတွေမှာ မူးယစ်ဆေးဝါးထုတ်လုပ်ရာနေရာဒေသတွေကို သွားရောက်အလုပ်လုပ်ကိုင်ပြီး မူးယစ်ဆေးဝါးထုတ်လုပ်မှုတွေ တိုးတက်လာစေဖို့၊ လောင်းကစားလုပ်ငန်းတွေနဲ့ တရားမဝင်လုပ်ငန်းတွေ ပိုမိုများပြားလာပြီး မြန်မာနိုင်ငံအတွင်း မတည်မငြိမ်ဖြစ်စေဖို့ လုပ်ဆောင်နေသလို ဖြစ်နေပါတော့တယ်။

ILO အနေနဲ့ မြန်မာနိုင်ငံကို အခြားအဖွဲ့ဝင်နိုင်ငံတွေနည်းတူ တန်းတူထား ဆက်ဆံခြင်းမရှိဘဲ ILO ရဲ့ ဖွဲ့စည်းပုံစည်းမျဉ်း အပိုဒ် ၃၃ ကို ကျင့်သုံးပြီး မြန်မာနိုင်ငံအပေါ် အရေးယူမယ့် ဆုံးဖြတ်ချက်အဆို(မူကြမ်း) အား ILO ရဲ့ (၃၅၃) ကြိမ်မြောက် အုပ်ချုပ်မှုအဖွဲ့အစည်းအဝေးကို တင်သွင်းဖို့ ဆုံးဖြတ်မှုဟာ အဖွဲ့ဝင်နိုင်ငံအချင်းချင်း တန်းတူဆက်ဆံမှုမပြုခြင်းဖြစ်တဲ့အတွက် ILO အနေနဲ့ အလုပ်သမားထုရဲ့ကောင်းကျိုးကို မျှော်ကိုးပြီး အပြုသဘောဆောင်တဲ့ ဆောင်ရွက်ချက်တွေကိုသာ လုပ်ဆောင်ပေးသင့်တယ်လို့ လေ့လာသုံးသပ်တင်ပြလိုက်ရပါတယ်။ ။

**❁ ILO အနေနဲ့ အလုပ်သမားအရေးကိစ္စတွေ တိုးတက်ဖို့အတွက် အဖွဲ့ဝင် နိုင်ငံတွေနဲ့လက်တွဲပြီး ကူညီဆောင်ရွက်ရမှာဖြစ်ပေမယ့် အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံအပေါ်မှာ နိုင်ငံရေးအရ ဝင်ရောက်စွက်ဖက်တဲ့ အပြုအမူတွေနဲ့ အရေးယူ ပိတ်ဆို့မှုတွေပြုလုပ်ဖို့ ဆောင်ရွက်တာဟာ မြန်မာအလုပ်သမားထုကို အလုပ်အကိုင် ရှားပါးလာစေဖို့ လူကုန်ကူးခံရစေဖို့ အကြမ်းဖက်အဖွဲ့အစည်းတွေရဲ့ စည်းရုံးမှုခံရစေဖို့ လိင်ကျေးကျွန်များဖြစ်စေဖို့ လက်နက်ကိုင် သောင်းကျန်းသူတွေ ကြီးစိုးရာဒေသတွေမှာ မူးယစ်ဆေးဝါးထုတ်လုပ် ရာ နေရာဒေသတွေကို သွားရောက်အလုပ်လုပ်ကိုင်ပြီး မူးယစ်ဆေးဝါး ထုတ်လုပ်မှုတွေ တိုးတက်လာစေဖို့ လောင်းကစားလုပ်ငန်းတွေနဲ့ တရားမဝင်လုပ်ငန်းတွေ ပိုမိုများပြားလာပြီး မြန်မာနိုင်ငံအတွင်း မတည်မငြိမ်ဖြစ်စေဖို့ လုပ်ဆောင်နေသလို ဖြစ်နေပါတော့တယ်**

**❝ ILO အနေနဲ့ မြန်မာနိုင်ငံကို အခြားအဖွဲ့ဝင်နိုင်ငံတွေနည်းတူ တန်းတူထားဆက်ဆံခြင်းမရှိဘဲ ILO ရဲ့ ဖွဲ့စည်းပုံစည်းမျဉ်း အပိုဒ် ၃၃ ကို ကျင့်သုံးပြီး မြန်မာနိုင်ငံအပေါ်အရေးယူမယ့် ဆုံးဖြတ်ချက် အဆို(မူကြမ်း) အား ILO ရဲ့ (၃၅၃) ကြိမ်မြောက် အုပ်ချုပ်မှုအဖွဲ့အစည်းအဝေးကို တင်သွင်းဖို့ ဆုံးဖြတ်မှုဟာ အဖွဲ့ဝင်နိုင်ငံအချင်းချင်း တန်းတူဆက်ဆံမှုမပြုခြင်းဖြစ်တဲ့အတွက် ILO အနေနဲ့ အလုပ်သမားထုရဲ့ကောင်းကျိုးကိုမျှော်ကိုးပြီး အပြုသဘောဆောင်တဲ့ ဆောင်ရွက်ချက်တွေကိုသာ လုပ်ဆောင်ပေးသင့် ❞**

## သက်န်းကျွန်းပညာရေးဒီဂရီကောလိပ် မောင်မယ်သစ်လွင်ကြိုဆို

ရန်ကုန် ဒီဇင်ဘာ ၁၁

၂၀၂၄-၂၀၂၅ ပညာသင်နှစ် သက်န်းကျွန်း ပညာရေးဒီဂရီကောလိပ် မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၀ ရက်က အဆိုပါကောလိပ် ပညာနေခြည်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားကို ကျောင်းသားကျောင်းသူများက ပညာပန်းတို့လန်းရာမြေ သီချင်းဖြင့် စတင်ဖျော်ဖြေပေးခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကား ပြောကြားသည်။

ဆက်လက်၍ သက်န်းကျွန်းပညာရေးဒီဂရီ ကောလိပ်ကျောင်းအုပ်ကြီး ဒေါက်တာငြိမ်းသီအောင်က အမှာစကားပြောကြားပြီး ကျောင်းသားကျောင်းသူများက ချင်းတောင်တန်းမှ ကြိုဆိုပါ၏၊ တူနှစ်သွယ်၊ မနောမြေမှ တေးသံသာ၊ အနာဂတ်မြန်မာ...သို့ သီချင်းများဖြင့် ကပြဖျော်ဖြေပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်။

အခမ်းအနားသို့တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ပြီး ယခုနှစ်သင်တန်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော် ကောင်စီနယ်မြေတို့မှ ပထမနှစ် ကျောင်းသား ၁၀ ဦးနှင့်ကျောင်းသူ ၁၄၄ ဦး စုစုပေါင်း ၁၅၄ ဦး တက်ရောက်ပညာသင်ကြားခွင့် ရရှိခဲ့ကြောင်း သိရသည်။

**သူရိန်(ပြန်/ဆက်)**

## တွံတေးမြို့နယ်၌ နွားနှင့် ဆိတ် မေထုန်မဲ့သားစပ်သင်တန်း ဖွင့်လှစ်

**တွံတေး ဒီဇင်ဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၌ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှ နွားနှင့် ဆိတ် မေထုန်မဲ့သားစပ်ခြင်း သင်တန်းအမှတ်စဉ် (၆/၂၀၂၄/ ရက)ကို ဒီဇင်ဘာ ၁၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တော်ဝင်စန္ဒကူးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်မြင့်၊ အဖွဲ့ဝင်(၂) ဦးဝင်းမြင့်တို့က အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယ တိုင်းဒေသကြီး ဦးစီးမှူး ဒေါက်တာမင်းညွန့်ဦးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းတွင် ခရိုင်အတွင်းရှိ မြို့နယ်များမှ သင်တန်းသား သင်တန်းသူ ၃၀ အား နည်းပြဆရာ ဆရာမများက မေထုန်မဲ့သားစပ်ခြင်း လုပ်ငန်းသမိုင်းနှင့် မေထုန်မဲ့သားစပ်ခြင်း၏ အကျိုးနှင့် အပြစ်၊ နွားနှင့် ဆိတ်အမမျိုးပွားအင်္ဂါ ခန္ဓဗေဒ၊ ဇီဝကမ္မဗေဒနှင့် ဟော်မုန်းများ၊ နွားနှင့်ဆိတ်မျိုးများနှင့် တိရစ္ဆာန်ကိုင်တွယ် ထိန်းချုပ်ခြင်း၊ မြိုင်ပေါ်လက္ခဏာများ၊ မျိုးပွားမှုဆိုင်ရာ အာဟာရနှင့် မြိုင်ညှိခြင်း၊ မေထုန်မဲ့သားစပ်ကိရိယာပြင်ဆင်ခြင်းနှင့် မျိုးရေခဲချောင်းထိန်းသိမ်းခြင်း၊ ဌာနမှ ဆောင်ရွက်နေသော မေထုန်မဲ့ သားစပ်ခြင်းဆိုင်ရာ လုပ်ငန်းများ အကြောင်းတို့ကို နည်းပြဆရာ ဆရာမများက ဒီဇင်ဘာ ၁၀ ရက်မှ ၁၄ ရက်အထိ စာတွေ့ လက်တွေ့ သင်ကြားပေးမည် ဖြစ်ကြောင်း သိရသည်။

**တွံတေးသား**

## ရပ်စောက်၌ မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြသ

**ရပ်စောက် ဒီဇင်ဘာ ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်၌ မြို့မဈေးအတွင်းရှိ ဈေးဆိုင်ခန်းများ၌ လျှပ်စစ်မီးလိုင်းများ၊ မီးသတ်ရေငုတ်များ စစ်ဆေးခြင်းနှင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြသခြင်းကို ဒီဇင်ဘာ ၉ ရက်က မြို့မစည်ပင်သာယာဈေးတွင် ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်ဇင်လတ်ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက ဈေးသူ ဈေးသားများအား ဈေးရုံ၊ ဈေးဆိုင်ခန်းများအတွင်း မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေး၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရမည့်လုပ်ငန်းများ၊ မီးဘေးအန္တရာယ်အရေးပေါ် ဖြစ်ပွားလာပါက အလျင်အမြန် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို အသိပညာပေး ရှင်းလင်းပြောကြားပြီး မီးသတ်ဆေးဘူး အသုံးပြုနည်းများ၊ ဆီမီးလောင်မှုကို မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်မှု၊ မီးသတ်ယာဉ်များနှင့်စက်များဖြင့် စုပေါင်းမီးငြိမ်းသတ်ခြင်းများကို လက်တွေ့သရုပ်ပြသဆောင်ရွက်ခဲ့ကြသည်။ **(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



## မြိတ်မြို့၌ ကျောင်းသား ကျောင်းသူများအား မီးဘေးအန္တရာယ် အသိပညာပေး

**မြိတ် ဒီဇင်ဘာ ၁၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ မြိတ်ခရိုင်မီးသတ်ဦးစီးဌာနမှ ဦးဆောင်၍ ပြည်သူများအား မီးဘေးလုံခြုံရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် ကျောင်းသား ကျောင်းသူများအား မီးဘေးအန္တရာယ် အသိပညာပေးခြင်းကို ယမန်နေ့က ဆောင်ရွက်ကြသည်။



မီးဘေးလုံခြုံရေး လက်ကမ်းစာစောင်များကို လမ်းသွားလမ်းလာများ၊ လက်ဖက်ရည်ဆိုင်နှင့် ဈေးဆိုင်များ၌ မြိတ်ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးစန်းဦး ဦးဆောင်၍ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ စုပေါင်း၍ ဖြန့်ဝေပေးခဲ့ကြသည်။

ထို့အတူ ကန်စွန်းအင်းကိုယ်ပိုင် အထက်တန်းကျောင်း၌ ခရိုင်မီးသတ်ဦးစီးဌာနမှူးက မီးဘေးအန္တရာယ်အကြောင်း အသိပညာပေး ဟောပြောခဲ့ပြီး ဒုတိယမီးသတ်ဦးစီးမှူး ဦးရဲမင်းခင်လတ်နှင့် တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဝန်ထမ်းဟောင်းများ တွေ့ဆုံပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၁

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းဟောင်းများအသင်းက ကြီးမှူး ကျင်းပမည့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဝန်ထမ်းဟောင်းများ တွေ့ဆုံပွဲကို ဒီဇင်ဘာ ၁၅ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီမှ ၄ နာရီအထိ ရန်ကုန်မြို့ ပြည်လမ်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ စတူဒီယို (အေ) ခန်းမ၌ ကျင်းပမည်ဖြစ်ရာ MRTV ဝန်ထမ်းဟောင်းများအားလုံး ပါဝင်တက်ရောက်နိုင်ကြောင်း သိရသည်။

သတင်းစဉ်

## ကျိုက်လတ်မြို့နယ် ဘုံလုံချောင်းကျေးရွာ၌ စပါးမျိုးစေ့ချ စိုက်ပျိုးခြင်း သရုပ်ပြပွဲကျင်းပ

**ကျိုက်လတ် ဒီဇင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ဘုံလုံချောင်းကျေးရွာ ကွင်းအမှတ် (၁၂၆)၊ ဦးပိုင်အမှတ် (၆) ရှိ တောင်သူဦးမျိုးဇော်၏ လယ်မြေငါးဧကတွင် ဒီဇင်ဘာ ၁၀ ရက်က Transplanter Mounted Seeder (10-Rows) ဖြင့် စပါးမျိုးစေ့ချ စိုက်ပျိုးခြင်း သရုပ်ပြပွဲကျင်းပသည်။

အဆိုပါ သရုပ်ပြပွဲတွင် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၇၅) စက်မှုလယ်ယာစခန်း(ကျိုက်လတ်)မှ မြို့နယ်ဦးစီးမှူး ဦးမျိုးမင်းဝင်းနှင့် ဝန်ထမ်းများက စပါးမျိုးစေ့ချ စိုက်ပျိုးခြင်းများကို လက်တွေ့သရုပ်ပြသရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ မြို့နယ် စိုက်/တိုး/မြင့် အဖွဲ့ဝင်များ၊ ဒေသခံတောင်သူများက လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## သထုံမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

သထုံ ဒီဇင်ဘာ ၁၁

မွန်ပြည်နယ် သထုံမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၁၀ ရက်က အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း နဝဒေးခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက ဟောပြောပွဲ ပြုလုပ်ပေးရသည့် ရည်ရွယ်ချက်နှင့် ကျောင်းသား ကျောင်းသူများအနေဖြင့် ကျောင်းစာပညာရပ်များသာမက ပြင်ပစာအုပ်၊ စာပေတို့ကို လေ့လာခြင်းဖြင့် အသိပညာများ ဖွံ့ဖြိုးပြီး နိုင်ငံ့သားကောင်းလူငယ်များ ဖြစ်လာရေး၊ အကျင့်စာရိတ္တကောင်းမွန်ရေး၊ ယဉ်ကျေးလိမ္မာရေး၊ အနာဂတ်အတွက် ရည်မှန်းချက်ထားရှိကြရေး၊ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေနေတတ်စေရေး၊ အချိန်ကို စီမံခန့်ခွဲတတ်စေရေးစသည့် လူငယ်များ ဘက်စုံဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးဟောပြောခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**



# မြစ်သားမြို့နယ်၌ ပဲယဉ်းသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ



မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်၌ ပဲကြီး၊ တိုင်ထောင်ပဲ၊ မတ်ပဲ၊ ကုလားပဲ၊ ပဲစင်းငုံ၊ ပဲယဉ်းသီးနှံစသည့် ပဲမျိုးစုံကို စီးပွားဖြစ်စိုက်ပျိုးလျက်ရှိပြီး ပဲယဉ်းသီးနှံကို ပခမ်း၊ ကျီတိုင်၊ နွားကူးလေးနှင့် ခင်လည်ကျေးရွာများ၌ ၅၁၈ ဧကခန့် စိုက်ပျိုးထားကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ပဲယဉ်းသီးနှံကို အောက်တိုဘာလတွင် စတင်စိုက်ပျိုး၍ စိုက်ပျိုးပြီး လေးလအကြာတွင် ရိတ်သိမ်းရကြောင်း၊ ပဲယဉ်းသီးနှံမျိုးအနေဖြင့် ပဲယဉ်းကြီးမျိုးနှင့် ပဲယဉ်းသေးမျိုးများကို စိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုးတစ်ပြည်ကျော် ကုန်ကျကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် ထယ်ထိုး၍ မျိုးစေ့ကို ကြဲပက်စနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ အလုပ်သမားခ အပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၁၂၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် ၂၅-၃၀ တင်းခန့်ထွက်ရှိပြီး ပဲယဉ်းတစ်တင်းလျှင် ငွေကျပ် ၄၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ရာ ငွေကျပ် ၁၀ သိန်းကျော် အမြတ်ရရှိခဲ့ကြောင်း သိရသည်။

ဒီဇင်ဘာလ ဒုတိယပတ်တွင် ပဲယဉ်းတစ်တင်းလျှင် ငွေကျပ် ၉၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် တောင်သူများမှ မြစ်သားမြို့ပေါ်ရှိ သီးနှံပွဲရုံများသို့ တင်ပို့ရောင်းချလျက်ရှိပြီး ထိုမှတစ်ဆင့် မန္တလေး၊ ရန်ကုန်မြို့များသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ယခုအချိန်တွင် ပဲယဉ်းသီးနှံစိုက်ခင်းများမှာ အဖူးအပွင့်များ ဝေဆာ၍ အောင်မြင် ဖြစ်ထွန်းလျက်ရှိပြီး သီးနှံပေါ်ချိန်တွင် အထွက်နှုန်းကောင်းမွန်ပြီး ဈေးကောင်းရရှိပါက အကျိုးအမြတ်များရရှိနိုင်မည်ဖြစ်ကြောင်း၊ ပဲယဉ်းသီးနှံမှာ စိုက်ပျိုးမှု ကုန်ကျစရိတ်သက်သာ၍ အကျိုးအမြတ်ရရှိသောကြောင့် တောင်သူများအနေဖြင့် ပဲယဉ်းသီးနှံကို နှစ်စဉ်တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**DOCA (မန္တလေး)**



## တံတားဦးမြို့နယ်ထွက် ရာသီပေါ်ပဲမြစ်များ အရောင်းအဝယ်ကောင်း၍ အကျိုးအမြတ်ရ

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်၌ စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ မကျီးတောကျေးရွာတွင် ပဲမြစ်များကို တစ်ပိုင်တစ်နိုင် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ပဲမြစ်ကို စနယ်မြေအမျိုးအစားမြေပေါ်တွင် အဓိကစိုက်ပျိုးလျက်ရှိပြီး ဇွန်လနှင့် ဇူလိုင်လများတွင် စတင်စိုက်ပျိုးကာ နိုဝင်ဘာလ၊ ဒီဇင်ဘာလများတွင် တူးဖော်ရကြောင်း၊ မျိုးအနေဖြင့် မလှိုင်မျိုးနှင့် ဝက်ဝံမျိုးများကို စိုက်ပျိုးကြကြောင်း၊ ပဲမြစ်တစ်ဧကလျှင် မျိုးနှစ်တင်းခွဲခန့် စိုက်ပျိုးရပြီး မျိုးတစ်တင်းလျှင် ငွေကျပ် ၁၁၀၀၀၀-၁၂၀၀၀၀ ကျပ်ဖြင့် ဝယ်ယူရကြောင်း၊ ပဲမြစ်စိုက်ပျိုးရာတွင် မြေပေါင်များပြုလုပ်၍ အစေ့ချစိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် ပဲမြစ်တစ်ဧကလျှင် မျိုး၊ သွင်းအားစု၊ အလုပ်သမားခအပါအဝင် စုစုပေါင်း ငွေကျပ် ၁၀ သိန်းခန့် ကုန်ကျပြီး ပိဿာချိန် ၆၀၀-၇၀၀ ခန့် ထွက်ရှိကြောင်း၊ ဒီဇင်ဘာလ ဒုတိယပတ်တွင် ပဲမြစ်တစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀-၆၀၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ငွေကျပ် ၂၀-၂၅ သိန်းခန့် အကျိုးအမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် ထွက်ရှိလာသောပဲမြစ်များကို တံတားဦးမြို့ပေါ်ရှိ သီးနှံပွဲရုံများမှတစ်ဆင့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်မြို့များသို့ အများဆုံး တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

တံတားဦးမြို့နယ်ထွက် ပဲမြစ်များသည် အခြားဒေသမှထွက်ရှိသော ပဲမြစ်များထက် အရွယ်အစားသေးငယ်ကာ အရသာပိုမိုကောင်းမွန်သည့်အတွက် အရောင်းအဝယ်ကောင်းမွန်လျက်ရှိပြီး အကျိုးအမြတ်ရရှိကြောင်း ပဲမြစ်စိုက်တောင်သူတစ်ဦးထံမှ သိရသည်။ **DOCA(မန္တလေး)**

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

## အထက်မင်းလှမြို့နယ် မယ်ဇလီတောကျေးရွာ၌ မေမြို့ပန်းများ တစ်နိုင်တစ်ပိုင်စိုက်ပျိုး

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ် မယ်ဇလီတောကျေးရွာ၌ ကြက်သွန်နီ၊ ဝါ၊ ပဲစင်းငုံ၊ ကုလားပဲ၊ ပဲကြီးသီးနှံတို့ကို ရာသီအလိုက် နှစ်စဉ်စိုက်ပျိုးလျက်ရှိပြီး မေမြို့ပန်းကိုလည်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

မယ်ဇလီတောကျေးရွာ၌ မေမြို့ပန်းကို ဒီဇင်ဘာလ ပထမပတ်တွင် စတင်စိုက်ပျိုးပြီး အပင်သက်တမ်း နှစ်လအကြာတွင် မေမြို့ပန်းပင်များကို နုတ်ယူ၍ ရောင်းချရကြောင်း၊ မျိုးအနေဖြင့် မေမြို့ပန်းအဖြူမျိုးများကို အများဆုံး စိုက်ပျိုးကြပြီး စိုက်ပျိုးရာတွင် မျိုးစေ့များကို ပျိုးထောင်၍ ပျိုးပင်သက်တမ်း ၄၅ ရက်သားအရွယ်တွင် မြေချစိုက်ပျိုးရကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် မြေပြုပြင်ခ၊ ရေသွင်းခ၊ ပေါင်းသတ်ဆေးနှင့် အခြားသွင်းအားစု၊ လုပ်သားခ အပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၁၄ သိန်းခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က မေမြို့ပန်း တစ်ဧကလျှင် အပင်ရေ ၆၅၀၀၀-၇၀၀၀၀ ခန့် ထွက်ရှိခဲ့ပြီး မေမြို့ပန်း တစ်ပင်လျှင် လက်ကားဈေးနှုန်း ငွေကျပ် ၃၀-၄၀ ဖြင့် ရောင်းချရ၍ ငွေကျပ် ၁၁ သိန်းကျော် အမြတ်ရရှိခဲ့ကြောင်း၊ ဈေးကွက်အနေဖြင့် အထက်မင်းလှမြို့နယ်ရှိ မလွန်ဈေးနှင့် မန်းသံပုရာကန် ရေနံချက်စက်ရုံဈေးများသို့ တင်ပို့ရောင်းချကြကြောင်း၊ မေမြို့ပန်းများ ထွက်ပေါ်ချိန်တွင် အထွက်နှုန်း ကောင်းမွန်၍ ဈေးကောင်းရရှိပါက အကျိုးအမြတ် ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း မေမြို့ပန်းစိုက်တောင်သူ တစ်ဦးထံမှ သိရသည်။

**DOCA (မကွေး)**





## မြို့သစ်မြို့နယ် ကွင်းကျေးရွာ၌ ခရမ်းချဉ်သီးများ ဈေးကောင်းရ၍ တောင်သူများအဆင်ပြေ

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ကွင်းကျေးရွာတွင် နှမ်း၊ မြေပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ကုလားပဲနှင့် စားဖိုဆောင်သီးနှံဖြစ်သော ကြက်သွန်နီတို့ကို အများဆုံးစိုက်ပျိုးလျက်ရှိရာ ခရမ်းချဉ်သီးကို တောင်သူများအနေဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ခရမ်းချဉ်သီးကို စက်တင်ဘာလ တတိယပတ်တွင် စတင်စိုက်ပျိုးပြီး ဒီဇင်ဘာလတွင် လှိုင်လှိုင်ထွက်ပေါ်လျက်ရှိကြောင်း၊ မျိုးအနေဖြင့် ထိုင်ဝမ်ခရမ်းချဉ်သီးမျိုးကို စိုက်ပျိုးပြီး တစ်ဧကလျှင် မျိုးစေ့ ခြောက်ထုပ်ခန့် ကုန်ကျကြောင်း၊ ခရမ်းချဉ်သီးစိုက်ပျိုးရာတွင် မျိုးစေ့ကို အိတ်ဖြင့်ပျိုးထောင်ကာ ၂၀ ရက်သားအရွယ်တွင် မြေသို့ချ၍ တိုင်ထောင်စနစ်ဖြင့် စိုက်ပျိုးကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ငွေကျပ် ၂၈ သိန်းခန့် ကုန်ကျပြီး ပိဿာချိန် ၂၅၀၀-၂၈၀၀ ခန့်ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် ဒီဇင်ဘာလ ပထမပတ်တွင် ခရမ်းချဉ်သီး လက်ကားဈေး တစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀-၆၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး တစ်ဧကလျှင် ငွေကျပ် ၉၇ သိန်းခန့် အမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် မကွေးမြို့ပေါ်ရှိ သီးနှံပွဲရုံများသို့ တင်ပို့ရောင်းချကြောင်း၊ ယခုနှစ်သီးနှံပေါ်ချိန်တွင် ရာသီဥတုပြောင်းလဲမှုကြောင့် ယခင်နှစ်အောက် အထွက်နှုန်းလျော့နည်းသွားသော်လည်း ဈေးနှုန်းကောင်းမွန်၍ တောင်သူများ အကျိုးအမြတ်ရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**DOCA (မကွေး)**

### ၁၁-၁၂-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်း) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၉၅၀၀ | ၂၆၀၀၀ | ၁၀၀၀၀ | ၂၄၀၀၀ | ၇၀၀၀ | ၂၃၀၀၀ | ၂၇၀၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၄၀၀၀၀ | ၄၀၀၀၀ | ၂၈၀၀၀ | ၃၅၀၀၀ | ၂၈၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၅၀၀ | | ၈၀၀၀ | ၂၂၀၀၀ | - | ၁၉၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၁၄၀၀၀ | ၆၅၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၆၀၀ | ၃၄၀၀ | ၇၃၀၀ | ၂၀၀၀၀ | ၈၂၃၅ | ၁၇၅၀၀ | ၅၀၀၀ | ၁၇၀၀၀ | ၁၃၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၈၅၀၀ | ၅၅၀၀ | ၂၁၀၀၀ | ၃၀၀၀၀ | ၂၃၅၀၀ | ၃၀၀၀၀ | ၂၀၀၀၀ |
| ၄ | လှိုင်ကော် | ၄၅၀၀ | | ၈၅၀၀ | ၂၀၀၀၀ | ၈၃၀၀ | ၁၅၀၀၀ | ၄၅၀၀ | ၁၃၀၀၀ | ၁၈၀၀၀ | | ၄၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၇၀၀၀ | ၅၈၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၂၄၀၀၀ | ၃၅၀၀၀ | ၁၃၀၀၀ |
| ၅ | ဘားအံ | ၃၈၀၀ | | ၆၅၀၀ | ၂၀၀၀၀ | ၈၁၀၀ | ၁၇၀၀၀ | ၄၅၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၁၉၀၀၀ | ၂၃၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၆ | မော်လမြိုင် | ၃၂၀၀ | | ၅၁၀၀ | ၁၈၀၀၀ | ၈၀၈၅ | ၁၈၀၀၀ | ၄၅၀၀ | ၂၀၀၀၀ | ၂၃၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၈၀၀၀ | ၃၃၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၇၀၀ | | ၆၆၀၀ | ၂၀၀၀၀ | ၈၄၀၀ | ၁၉၀၀၀ | ၅၀၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၈၅၀၀ | ၈၅၀၀ | ၅၅၀၀ | ၂၃၀၀၀ | ၃၃၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၁၈၀၀၀ | ၈၅၈၅ | ၁၈၅၀၀ | ၄၇၀၀ | ၁၉၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၁၁၅၀၀ | ၈၅၀၀ | ၁၁၀၀၀ | ၉၀၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၃၃၀၀၀ | ၂၈၀၀၀ | ၃၂၀၀၀ | |
| ၉ | ရန်ကုန် | ၃၄၀၀ | | ၅၅၀၀ | ၁၉၀၀၀ | ၇၆၅၀ | ၁၅၀၀၀ | ၅၀၀၀ | ၂၁၀၀၀ | ၂၄၀၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၅၄၀၀ | ၂၀၀၀၀ | ၃၁၀၀၀ | ၂၆၀၀၀ | ၃၁၀၀၀ | ၉၀၀၀ |
| ၁၀ | ပုသိမ် | ၃၅၅၀ | | ၅၂၀၀ | ၂၁၅၀၀ | ၈၀၅၀ | ၈၅၀၀ | ၃၆၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀ | ၉၀၀၀ | ၇၂၀၀ | ၁၂၀၀၀ | ၁၁၀၀၀ | ၅၅၀၀ | ၁၉၀၀၀ | ၂၈၀၀၀ | ၂၀၀၀၀ | ၃၂၀၀၀ | ၁၁၀၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၂၆၀၀၀ | - | ၆၀၀၀၀ | ၈၅၀၀ | ၃၀၀၀၀ | | | ၆၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၈၀၀၀ | ၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၀၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | | ၆၇၀၀ | ၁၅၅၀၀ | ၈၃၅၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၃၅၀၀ | ၂၃၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၁၀၀ | ၈၀၀၀ | ၈၅၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၉၀၀၀ | ၂၂၀၀၀ | ၁၁၀၀၀ |
| ၁၃ | မန္တလေး | ၄၀၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၈၄၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၁၀၀၀ | ၈၇၀၀ | ၈၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၅၆၀၀ | ၂၃၀၀၀ | ၃၂၀၀၀ | ၂၆၀၀၀ | ၂၈၀၀၀ | ၁၆၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၅၀၀၀ | ၈၃၀၀ | ၁၁၀၀၀ | ၃၅၀၀ | ၁၅၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၇၀၀ | ၈၆၀၀ | ၈၅၀၀ | ၁၂၀၀၀ | ၇၅၀၀ | ၅၅၀၀ | ၂၄၀၀၀ | ၂၈၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၁၅ | မကွေး | ၄၃၀၀ | | ၆၇၀၀ | ၁၆၀၀၀ | ၈၁၃၀ | ၁၄၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀ | ၇၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၁၃၅၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၁၁၅၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၂၃၅၀၀ | | ၅၀၀၀ | ၄၅၀ | ၁၂၀၀၀ | ၇၄၀၀ | ၉၀၀၀ | ၈၅၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၈၀၀၀ | ၁၁၀၀၀ | ၄၂၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၄၅၀ | ၉၀၀၀ | ၇၅၀၀ | ၉၀၀၀ | ၇၅၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၈၁၇၅ | ၁၅၀၀၀ | ၄၅၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၉၂၀၀ | ၃၅၀၀ | ၆၀၀ | ၈၅၀၀ | ၇၅၀၀ | ၆၂၀၀ | ၇၀၀၀ | ၅၁၅၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၁၂၀၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၈၁၇၅ | ၁၅၅၀၀ | ၅၀၀၀ | ၁၅၅၀၀ | ၂၀၅၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၆၀၀ | ၉၀၀၀ | ၇၈၀၀ | ၆၅၀၀ | ၇၈၀၀ | ၅၁၅၀ | ၁၉၀၀၀ | ၂၈၅၀၀ | ၂၂၀၀၀ | ၂၇၀၀၀ | ၁၂၅၀၀ |
| ၂၀ | ကလေး | ၃၈၀၀ | ၃၃၀၀ | | ၁၈၀၀၀ | ၁၅၀၀၀ | ၂၈၀၀၀ | ၄၅၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ | ၁၂၀၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၇၅၀၀ | ၂၈၀၀၀ | ၃၂၀၀၀ | ၂၉၀၀၀ | | ၁၇၀၀၀ |

# တောင်သူပညာပေးလုပ်ငန်းများတွင် မျိုးကြဲပက်စိုက်ပျိုးသည့်ကိစ္စရပ်များ၌ ခေတ်မီစက်ပစ္စည်းများ အသုံးပြုပေးကြရန်လိုအပ်

**တောင်ကြီး ဒီဇင်ဘာ ၁၁**

ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲဥက္ကဋ္ဌများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၁၀ ရက်က တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က နှစ်စဉ်ဘဏ္ဍာရေးနှစ်အလိုက် စီမံကိန်းရည်မှန်းချက်များ ရငွေအပေါ် လျာထားချက်များ ဆောင်ရွက်ပေးသလို ဒေသဖွံ့ဖြိုးရေးအတွက် စီမံကိန်းလုပ်ငန်း ငွေကြေးများသတ်မှတ်ထားပြီးဖြစ်၍ ပေးထားသည့်ရည်မှန်းချက်ကို အောင်မြင်ရေးနှင့် ရည်မှန်းချက်ကျော်လွန်ရန် ကြိုးစားဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း။

ကိန်းဂဏန်းအချက်အလက်သည် မှန်မှန်ကန်ကန်ဖြစ်စေရေးနှင့် အားနည်းချက်ရှိပါက ပြင်ဆင်ပြီး တိုးတက်မှုရှိအောင် ဆောင်ရွက်ပေးကြရန် မှာကြားရခြင်းဖြစ်ပါကြောင်း၊ လာမည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရန်ပုံငွေ လျာထားချက်များ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆောင်ရွက်သည့်အခါ လက်တွေ့လျာထားအောင်မြင်နိုင်သည့် စီမံကိန်းရည်မှန်းချက်ထား၍ ဆောင်ရွက်ပေးရန် မှာကြားခဲ့ပါကြောင်း၊ သက်ဆိုင်ရာခရိုင်အုပ်ချုပ်ရေးမှူးများကို ဆွေးနွေးလိုသည်မှာ မည်သည့်ကိစ္စကိုမဆို ဌာနများမှ မည်သည့်လုပ်ငန်းဆောင်ရွက်ပါစေ စီမံကိန်းလုပ်ငန်းများ ရည်မှန်းချက်အောင်မြင်ရေးအတွက် တာဝန်ပေးထားပါကြောင်း။

သက်ဆိုင်ရာ စိုက်ပျိုးရေးဌာနများကလည်း တောင်သူပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးရန်လိုအပ်ပြီး မျိုးကြဲပက်စိုက်ပျိုးသည့် ကိစ္စရပ်များတွင်လည်း ခေတ်မီစက်ပစ္စည်းများ အသုံးပြုပေးကြရန်လိုအပ်ကြောင်း၊ စနစ်တကျ စိုက်ပျိုးမှသာ တောင်သူများအတွက် အထွက်နှုန်းတိုး၍ ဝင်ငွေများတိုးတက်လာမည်ဖြစ်ပြီး စီမံကိန်းတွင်လည်း ကိန်းဂဏန်းများ တိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသော သက်ဆိုင်ရာပြည်နယ်အဆင့် ဌာနဆိုင်ရာပြည်နယ်ဦးစီးမှူးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသမှ အတွင်းရေးမှူးများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက ဆွေးနွေးတင်ပြကြသည်။

**မောင်မောင်သန်း (တောင်ကြီး)**



# ထိုင်းဘုရင့်သမီးတော်ဖလား မြင်းစီးတန်းခုန်ပြိုင်ပွဲတွင် မြန်မာမှဖြိုးကျော်မြင့်သန်း ကြေးတံဆိပ်ဆုရရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၁**

ထိုင်းနိုင်ငံ ပတ္တယားမြို့၌ ဒီဇင်ဘာ ၇ ရက်မှ ၁၀ ရက်အထိ ကျင်းပပြုလုပ်ခဲ့သည့် ထိုင်းဘုရင့်သမီးတော်ဖလား (Princess Cup- FEI SEA Cup-CSIJ-B PATTAYA 2024) ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု မြန်မာ့လက်ရွေးစင် မြင်းစီးကစားသမား ဖြိုးကျော်မြင့်သန်းက တတိယ (ကြေး) တံဆိပ်ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ဂျူနီယာတန်း အသက် ၁၄ နှစ်မှ ၁၈ နှစ်ပြိုင်ပွဲတွင် နိုင်ငံပေါင်း ခုနစ်နိုင်ငံဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အိမ်ရှင်ထိုင်းက ပထမ(ရွှေ)၊ ကမ္ဘောဒီးယားက ဒုတိယ(ငွေ)၊ မြန်မာက တတိယ (ကြေး) တံဆိပ်ဆုရရှိခဲ့ကြသည်။

ယင်းပြိုင်ပွဲသို့ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်မှ နည်းပြ မအိသက်မွန်နှင့် မြန်မာ့လက်ရွေးစင် မြင်းစီးအားကစားသမား ဖြိုးကျော်မြင့်သန်းတို့အား သွားရောက်ကြည့်ရှုအားပေးကြသော မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်နှင့် အလုပ်အမှုဆောင်များသည် ယနေ့ညနေပိုင်းက ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)ဒုတိယကျောင်းအုပ်ကြီး ဦးအောင်မျိုးဝင်းနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်မှ အဖွဲ့ဝင်များ၊ တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်)မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**အာကာစိုး**

# ကံမမြို့နယ်၌ တောင်သူနည်းပညာပေးဆွေးနွေး

**ကံမ ဒီဇင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်တွင် တောင်သူပညာပေး ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ခြောက်ထောင့်ဆိုလာလျှပ်စစ်ရေတင်ဧရိယာ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်ဦးစီးမှူးဦးမျိုးသီဟက ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများအား ရှင်းလင်းတင်ပြပြီး မြို့နယ်သမဝါယမဦးစီးဌာနမှူး ဒေါ်နုနုတင်က မျိုးစေ့ထုတ်သမဝါယမအသင်းဖွဲ့စည်းခြင်း လုပ်ထုံးလုပ်နည်းများကို ဆွေးနွေးသည်။

ဆက်လက်၍ တောင်သူဦးတင်အောင်၏ လယ်မြေတွင် မီးခိုးမြူငွေ့ကင်းစင်ရေးအတွက် စပါးရိုးပြတ်များကို မီးမရှို့ပဲ အလွယ်တကူ ဆွေးမြည့်စေ၍ မြေသြဇာအဖြစ်အသုံးပြုနိုင်သော နည်းပညာအား



လက်တွေ့ပြသပေးပြီး တောင်သူများ၏ မေးမြန်းချက်များကို ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

**အောင်မြင့် (ပြန်/ဆက်)**

# မီးဘေးနှင့်သဘာဝဘေးလျှော့ချရေး အသိပညာပေး

**မုဒုံ ဒီဇင်ဘာ ၁၁**

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် စာသင်ကျောင်းအခြေပြု မီးဘေးနှင့် သဘာဝဘေးအန္တရာယ်လျှော့ချရေး၊ တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးကို ယနေ့နံနက်ပိုင်းက အာရုစွမ်းကိုယ်ပိုင်စာသင်ကျောင်း၌ ပြုလုပ်သည်။

ဦးစွာ မုဒုံမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဖုန်းမြင့်အေးက သဘာဝဘေးအန္တရာယ် လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများကို ကစားနည်းပုံစံဖြင့် မိသားစု၊ သူငယ်ချင်းများနှင့်အတူ လေ့လာဆော့ကစားနိုင်ရန် စီစဉ်ထားကြောင်း ရှင်းလင်းပြောကြားပြီး တပ်ဖွဲ့ဝင် ၁၄ ဦးနှင့်အတူ မီးသတ်ဆေးဘူးအသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်နည်း၊ မီးငြိမ်းသတ်ယာဉ်ဖြင့် သရုပ်ပြလေ့ကျင့် မီးငြိမ်းသတ်နည်း၊ အရေးပေါ်အခြေအနေတွင် ဆောင်ရွက်ရမည့် နည်းလမ်းများကို လက်တွေ့သရုပ်ပြ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အောင်မျိုးသူ (ပြန်/ဆက်)**

# ဟားခါးမြို့နယ် ချွန်ကျုံးရွာကို လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် ကလေးများအပါအဝင် ပြည်သူလေးဦးသေဆုံးပြီး ကိုးဦးဒဏ်ရာရရှိခဲ့ကြောင်း သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

ချင်းပြည်နယ် ဟားခါးမြို့နယ် ချွန်ကျုံးရွာကို လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် ကလေးများအပါအဝင် ပြည်သူလေးဦး သေဆုံးပြီး ကိုးဦးဒဏ်ရာရရှိခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူများ၏ ပြောကြားချက်အရ ၎င်းဒေသများတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အကြမ်းဖက်သမားများ ဝင်ရောက်ခိုအောင်းနေထိုင်ကြောင်း သတင်းပေးပို့မှုများရရှိလာပါက အကြမ်းဖက်သမားများ အမှန်တကယ်ဝင်ရောက်နေထိုင်မှု ရှိ/မရှိနှင့် ဒေသခံပြည်သူများနေထိုင်ခြင်း ရှိ/မရှိကို ဝေဟင်ကင်းထောက်ခြင်းများအပြင် နည်းလမ်းမျိုးစုံအသုံးပြု၍ စုံစမ်းစစ်ဆေးပြီးမှ တုံ့ပြန်ဆောင်ရွက်ခြင်းများ ပြုလုပ်ကြောင်း၊ အကြမ်းဖက်သမားများကသာ နယ်မြေတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်ရည်ရွယ်၍ ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များ၊ Drop Bomb များဖြင့် ပစ်ခတ်ခဲ့မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူများ သေဆုံးထိခိုက်ဒဏ်ရာရရှိမှုများ ရှိခဲ့ကြောင်းနှင့် ထိုသို့ အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် တပ်မတော်အပေါ် ပြည်သူလူထုမှ အထင်အမြင်လွဲမှားစေရန် ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်တွင် မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။




**သတင်းစဉ်**



မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကျော်ထွေးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်၊ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များက ဒီဇင်ဘာ ၁၁ ရက် နံနက်ပိုင်းတွင် သံဖြူဇရပ်မြို့ ဝါခရူကျေးရွာရှိ ကံကောင်းခြင်း ရတနာသစ်ပါးလွှာစက်ရုံအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စစ်ဆေးဆောင်ရွက်စဉ်။ **မြို့နယ် (ပြန်/ဆက်)**

# ဘိုအင်းကုမ္ပဏီက 737 MAX လေယာဉ်ထုတ်လုပ်မှု ပြန်လည်စတင်



**ဆန်ဖရန်စစ္စကို ဒီဇင်ဘာ ၁၁**

ဘိုအင်းကုမ္ပဏီသည် သပိတ်မှောက်မှုကြောင့် ပူဂတ်ဆောင်းဒေသရှိ ၎င်း၏စက်ရုံများကို ရပ်နားထားရပြီးနောက် ရန်တန်မြို့တွင် 737 MAX လေယာဉ် ထုတ်လုပ်မှု ပြန်လည်စတင်ပြီဟု ဒီဇင်ဘာ ၁၀ ရက်တွင် ကြေညာခဲ့သည်။

767၊ 777 နှင့် 777X လေယာဉ်ထုတ်လုပ်မှုများကို ပြန်လည်စတင်ရန်လည်း ဘိုအင်းကုမ္ပဏီက မျှော်မှန်းထားသည်။ ကုမ္ပဏီသည် ၎င်း၏လေယာဉ်များ မှာယူမှုနှင့် ပို့ဆောင်မှုအသေးစိတ်လစဉ်ကြေညာချက်ကို ဒီဇင်ဘာ ၁၁ ရက်က ထုတ်ပြန်ခဲ့သည်။

စက်ပိုင်းဆိုင်ရာ ပညာရှင်များ၏ သပိတ်မှောက်မှုအပြီးတွင် ဘိုအင်းကုမ္ပဏီသည် နိုဝင်ဘာလအတွင်း လေယာဉ် ၁၃ စင်းကို တင်ပို့နိုင်ခဲ့သည်။ အဆိုပါ အရေအတွက်သည် လွန်ခဲ့သည့်နှစ် နိုဝင်ဘာနှင့် နှိုင်းယှဉ်လျှင် အရေအတွက် သိသိသာသာကျဆင်းသွားသည်ကိုတွေ့ရသည်။

လွန်ခဲ့သည့်နှစ် နိုဝင်ဘာလက ဘိုအင်းကုမ္ပဏီသည် လေယာဉ် ၅၆ စင်း တင်ပို့နိုင်ခဲ့သည်။ ကုမ္ပဏီသည် ထုတ်လုပ်မှုနှုန်းထားများ ပြန်လည်ရရှိရန် လုပ်ဆောင်နေကြောင်း ပြောကြားခဲ့သည်။

ဘိုအင်းကုမ္ပဏီသည် စက်ပိုင်းဆိုင်ရာ ပညာရှင်များ၏ သပိတ်မှောက်မှုမစတင်မီ ဩဂုတ်လအတွင်းက အဲဗားရတ်မြို့၌ 767s လေယာဉ်သုံးစင်း၊ 777 နှင့် 777Xs လေယာဉ်များတစ်လလျှင် လေးစင်း ထုတ်လုပ်နိုင်ခဲ့သည်ဟု ကုမ္ပဏီ၏ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

ဆင်ဟွာ

# နိုင်ငံအောင်မြင်ရန်အတွက် နိုင်ငံသားတိုင်း မှန်ကန်သောအတွေးအမြင်ရှိရန်လို

**ဘန်ဒါဆီရီဘီဂါဝမ် ဒီဇင်ဘာ ၁၁**

ဘရူနိုင်းမျှော်မှန်းချက် ၂၀၃၅ ကို အကောင်အထည်ဖော်ရန် နိုင်ငံသားတိုင်း မှန်ကန်သောအတွေးအမြင်နှင့် အပြုသဘောဆောင်သော စိတ်ဓာတ်များချမှတ်ရန် လိုကြောင်း ဘရူနိုင်းပြည်ထဲရေးဝန်ကြီး ဟာဂျီအာမာဒင်က ပြောကြားသည်။

ဘရူနိုင်းနိုင်ငံတွင် ထုတ်ဝေလျက်ရှိသော နေ့စဉ်ဘော်နီယိုသတင်းလွှာအရ (၄၁) ကြိမ်မြောက် ဘရူနိုင်း နိုင်ငံသားလက်မှတ်ပေးအပ်ပွဲအခမ်းအနားကို ဘရူနိုင်းဒါရုဆလမ်တက္ကသိုလ်၌ ဒီဇင်ဘာ ၁၀ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ဝန်ကြီး၏ မှတ်ချက်တွင် မှန်ကန်သော အတွေးအမြင်တွင် တာဝန်သိနိုင်ငံသားတစ်ဦးအဖြစ် မိမိ၏အခန်းကဏ္ဍကို ကောင်းစွာနားလည်ခြင်း၊ တိုးတက်ရန်အတွက် အဆင်သင့်ဖြစ်နေခြင်းနှင့် တိုးတက်မှုအတွက် စိတ်ကို ဖွင့်ထားပေးခြင်းတို့ပါဝင်ကြောင်း အလေးအနက်ပြောကြားထားသည်။

ဘရူနိုင်းမျှော်မှန်းချက် ၂၀၃၅ ကိုအကောင်အထည်ဖော်ရာတွင် နိုင်ငံသားများအဖြစ် မိမိတို့၏ အခန်းကဏ္ဍသည် အရေးကြီးကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။



အရှေ့တောင်အာရှ နိုင်ငံတစ်နိုင်ငံဖြစ်သော ဘရူနိုင်းနိုင်ငံသည် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်အဖြစ် ဘရူနိုင်းမျှော်မှန်းချက် ၂၀၃၅ ကို ၂၀၀၈ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့သည်။

အဆိုပါ မျှော်မှန်းချက်သည် ဘရူနိုင်းဒါရုဆလမ်ကို ပညာတတ်သော၊ အဆင့်မြင့်စွမ်းရည်ရှိသော၊ ဘဝအရည်အသွေးမြင့်မားသော၊ တက်ကြွပြီးရေရှည်တည်တံ့သော၊ စီးပွားရှိသော နိုင်ငံအဖြစ်သို့ ပြောင်းလဲဖော်ဆောင်ရန် ရည်မှန်းထားသည်။

ဆင်ဟွာ

# Apple က iPhone ဈေးကွက်ရရှိရန် အင်ဒိုနီးရှားတွင် ကန်ဒေါ်လာ ၁ ဘီလီယံ ရင်းနှီးမြှုပ်နှံမည်

**ဂျကာတာ ဒီဇင်ဘာ ၁၁**

Apple က ၎င်း၏နောက်ဆုံးထွက် iPhone ၁၆ မော်ဒယ်အတွက် ဈေးကွက်ရရှိရန် ကမ္ဘာ့စတုတ္ထလူဦးရေ အများဆုံးနိုင်ငံဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံတွင် အမေရိကန်ဒေါ်လာ ၁ ဘီလီယံ ရင်းနှီးမြှုပ်နှံရန် သဘောတူခဲ့သည်ဟု ဝန်ကြီးတစ်ဦးက ဒီဇင်ဘာ ၁၁ ရက်တွင် ပြောကြားလိုက်သည်။

အင်ဒိုနီးရှား ရင်းနှီးမြှုပ်နှံမှုဝန်ကြီး ရိုဆန်ရိုဆလန်နီက အဆိုပြုရင်းနှီးမြှုပ်နှံမှုပုံစံနှင့် ရောင်းချသူများနှင့် ပူးပေါင်းဆောင်ရွက်မှုကို အဓိကထားပြီး Apple နှင့် စာတိုပေးပို့သည့် အက်ပလီကေးရှင်းများမှတစ်ဆင့် ဆက်သွယ်မှုများ ဆက်လက်လုပ်ဆောင်နေကြောင်း ပြောကြားခဲ့သည်။

ဆက်သွယ်ဆွေးနွေးမှုများသည် အသေးစိတ်ညှိနှိုင်းမှုများ လုပ်ဆောင်ရန်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။ Apple သည် ၎င်း၏ရင်းနှီးမြှုပ်နှံမှုကို ၂၀၂၆ အစောပိုင်းတွင်စတင်ရန် စီစဉ်ထားသော်လည်း အင်ဒိုနီးရှားအစိုးရက Apple ကုမ္ပဏီအား ခပ်စောစောစရန် တိုက်တွန်းပြောကြားခဲ့သည်။

ဆင်ဟွာ



# ကယ်လီဖိုးနီးယားတောင်ပိုင်းတွင် တောမီးအကြီးအကျယ်လောင်မှုကြောင့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်း

**လော့စ်အိန်ဂျလိစ် ဒီဇင်ဘာ ၁၁**

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားတောင်ပိုင်း မာလီဘူး၌ တောမီးလောင်မှုမှာ ဒီဇင်ဘာ ၁၀ရက်တွင် ဧက ၂၂၀၀ အထိ ကျယ်ပြန့်လာသည့်အတွက် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းမှုများ ချက်ချင်းလုပ်ဆောင်ခဲ့ရသည်။

ဖရန့်ကလင်း ဖိုင်းယားဟု အမည်ပေးထားသည့် တောမီးသည် ဒီဇင်ဘာ ၉ ရက် ညပိုင်းက စတင်လောင်ခဲ့ခြင်းဖြစ်ပြီး လော့စ်အိန်ဂျလိစ် ကောင်တီရှိ မာလီဘူးပြည်နယ် ပန်းခြံမှ စတင်လောင်ခဲ့ခြင်းဖြစ်သည်။

လေပြင်းတိုက်ခတ်မှုကြောင့် လျှပ်စစ်ပစ္စည်းများ ပျက်စီးနိုင်ပြီး တောမီးလောင်မှု ဖြစ်ပွားစေနိုင်သည့်အတွက် ဒီဇင်ဘာ ၉ ရက် ညပိုင်းတွင် လျှပ်စစ်မီးများ ပိတ်ထားရကြောင်း ဒေသခံမီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။

ကယ်လီဖိုးနီးယား သစ်တောနှင့် မီးဘေးကာကွယ်ရေးဌာနမှ ဘေးလွတ်ရာသို့ ပြောင်းရွှေ့ရေး အမိန့်ထုတ်ပြန်ခဲ့သည်။

တောမီးလောင်မှု ဖြစ်ပွားသည့်နေရာသို့ အများပြည်သူများ သွားလာခွင့် ပိတ်ပင်ထားသည်။ တောမီးကို လတ်တလောတွင် ငြိမ်းသတ်နိုင်ခြင်းမရှိဘဲ ဆက်လက် လောင်နေဆဲဖြစ်သည်။

တောမီးလောင်မှုနှင့် လုံခြုံရေးဆိုင်ရာ စိုးရိမ်မှုကြောင့် မာလီဘူးရှိ စာသင်ကျောင်းများကို ဒီဇင်ဘာ ၁၀ ရက်က ပိတ်ထားကြောင်း ကြေညာခဲ့သည်။

ဆင်ဟွာ



မာလီဘူး၌ တောမီးလောင်မှုကို ဒီဇင်ဘာ ၁၀ ရက်က တွေ့ရစဉ်။

# ဆီးရီးယား၌ ရောက်ရှိနေသည့် ပါကစ္စတန် ၈၆ ဦးကို လက်ဘနွန်သို့ ကယ်ထုတ်

**အစ္စလာမ္မာဘတ် ဒီဇင်ဘာ ၁၁**

ဆီးရီးယား၌ သောင်တင်နေသည့် ပါကစ္စတန်မှ ဘုရားဖူး ၇၉ ဦးနှင့် ဆရာခုနစ်ဦးတို့ကို လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့သို့ အောင်မြင်စွာ ကယ်ထုတ်သွားနိုင်ခဲ့ကြောင်း ပါကစ္စတန်အစိုးရအဖွဲ့က ဒီဇင်ဘာ ၁၀ ရက်တွင် ပြောသည်။

အဆိုပါ ၈၆ ဦးကို ပါကစ္စတန်နိုင်ငံသို့ ပြန်လည်ရောက်ရှိရေး စီမံမှုများ လုပ်ဆောင်လျက်ရှိကြောင်း၊ လုံခြုံစိတ်ချစွာ ပြန်လည်ရောက်ရှိလာရေး သံရုံးမှ တာဝန်ရှိသူများနှင့်အတူ ဆောင်ရွက်လျက်ရှိသည်ဟု ပါကစ္စတန်အစိုးရက သတင်းထုတ်ပြန်ထားသည်။

ဆီးရီးယားနိုင်ငံမှ ပြန်လာလိုသည့် ပါကစ္စတန်နိုင်ငံသားများကို အိမ်နီးချင်းနိုင်ငံများမှတစ်ဆင့် ဘေးကင်းလုံခြုံစွာ အမြန်ဆုံးရွှေ့ပြောင်းနိုင်ရေး သက်ဆိုင်ရာအာဏာပိုင်များအား ပါကစ္စတန်ဝန်ကြီးချုပ် ရှာဘတ်ရှရစ်ဖ်က ဒီဇင်ဘာ ၉ ရက်တွင် ညွှန်ကြားထားသည်။

ဆီးရီးယားနိုင်ငံ၌ လတ်တလောတွင် နိုင်ငံရေးမငြိမ်မသက်ဖြစ်မှုနှင့် ပဋိပက္ခများကြောင့် ပြင်းထန်သည့် စိန်ခေါ်မှုများနှင့် ကြုံတွေ့နေရပြီး နိုင်ငံခြားသားများနှင့် နိုင်ငံသားများ အခြေခံဝန်ဆောင်မှုများ ပြတ်လပ်လျက်ရှိသည်။


ဆင်ဟွာ

# ရှာငံမြို့နယ်၌ ရှမ်းပြည်နယ်(မြောက်ပိုင်း) သို့ တရားမဝင်သယ်ဆောင်မည့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း နှစ်တန်ခန့် ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၃ ရက် ညနေ ၅ နာရီအချိန် ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ် မြို့ကြီးကျေးရွာအနီးတွင် သိန်းထိုက်အောင် မောင်းနှင်သည့် ISUZU ၁၂ ဘီး မော်တော်ယာဉ်နှင့် ကျော်ဝင်း မောင်းနှင်သည့် FUSO ၁၂ ဘီး မော်တော်ယာဉ်တို့ကို သတင်းအရရှာဖွေရာ အဆိုပါယာဉ်နှစ်စီးပေါ်တွင် နွားချေးမြေဩဇာများဖြင့် ဖုံးအုပ်သယ်ဆောင်လာသည့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း နှစ်တန်ခန့် သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ကဖင်းများတရားမဝင်သယ်ဆောင်ရောင်းဝယ်ရာတွင် ပါဝင်သူ နေအောင်အား ဒီဇင်ဘာ ၄ ရက်တွင် ပုသိမ်ကြီးမြို့နယ် နားဋ္ဌောင်းကျကျေးရွာ၌ ဖမ်းဆီးရမိခဲ့ပြီး ကဖင်းများအား မန္တလေးမှ ရှမ်းပြည်နယ် (မြောက်ပိုင်း) သို့ သယ်ဆောင်ခိုင်းသူ အိုက်စိုးပေါက်(ခ)စိုင်းထွန်းထွန်းနှင့် ရင်အောင်သူတို့အား ရွာငံမြို့နယ် မြို့ကြီးကျေးရွာအနီးတွင် FORD RANGER မော်တော်ယာဉ် တစ်စီးနှင့်လည်းကောင်း၊ ချမ်းမြသာစည်မြို့နယ်ရှိ ရင်အောင်သူ၏နေအိမ်မှ TOYOTA LANDCRUISER မော်တော်ယာဉ်တစ်စီးအားလည်းကောင်း၊ ပူးပေါင်းပါဝင်သူများဖြစ်သည့် အောင်စိုးလင်း (ခ) အောင်အောင်အား အမရပူရမြို့နယ်တွင်လည်းကောင်း၊ စိုင်းသီဟငယ်(ခ) သီဟ(ခ) မောက်ဆိုင်အား ပုသိမ်ကြီးမြို့နယ်တွင်လည်းကောင်း၊ ဒီဇင်ဘာ ၆ ရက်တွင် မန္တလေးမှ ကဖင်းအိတ်များ သယ်ဆောင်ခဲ့သူ စိုင်းနေမင်းထွန်းအား အောင်မြေသာစံမြို့နယ်တွင် ကဖင်းများသယ်ဆောင်ပေးခဲ့သည့် PRADO မော်တော်ယာဉ်တစ်စီးနှင့်လည်းကောင်း၊ မန္တလေးမြို့၌ ကဖင်းအိတ်များ သိုလှောင်ပေးခဲ့သည့် ဂိုဒေါင်ပိုင်ရှင်ချစ်စိန်အား မဟာအောင်မြေမြို့နယ်တွင်လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိခဲ့သည့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်းများအား မူဆယ်မြို့ စွမ်စော်ရပ်ကွက်နေ ယုံကော၏ အစီအမံဖြင့် မန္တလေးတိုင်းဒေသကြီးမှတစ်ဆင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)သို့ တရားမဝင်သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ပြီး နိုင်ငံတကာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအေဂျင်စီများ၏ သုတေသနပြု သတင်းဖလှယ်ချက်များအရ ကဖင်းတစ်တန်အား အခြားဓာတုပစ္စည်းများနှင့်ရောစပ်၍ စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်မည်ဆိုပါက ဆေးပြား ၁၄ သန်းခန့် ထုတ်လုပ်နိုင်ကြောင်းသိရှိရပြီး မြန်မာနိုင်ငံတွင် ၂၀၂၄ ခုနှစ်အတွင်း နယ်စပ်ဒေသများမှတစ်ဆင့် တရားမဝင်တင်သွင်းခဲ့သည့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း ၂၄ တန်ကျော် ဖမ်းဆီးအရေးယူထားရှိသဖြင့် စိတ်ကြွရူးသွပ်ဆေးပြား ၃၃၆ သန်းကျော် ထုတ်လုပ်ခြင်းကို တားဆီးကာကွယ်နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ **သတင်းစဉ်**

ရှာငံမြို့နယ်၌ ရှမ်းပြည်နယ် (မြောက်ပိုင်း) သို့ တရားမဝင် သယ်ဆောင်မည့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်း နှစ်တန်ခန့် ဖမ်းဆီးရမိမှု။






သိမ်းဆည်းရမိသည့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်းများနှင့်အတူ တွေ့ရစဉ်။

# တရားမဝင်သစ်မျိုးစုံ၊ ရေနံစိမ်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၉ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ အလုံး၂၀ အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းလေးမျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၄၈၂၁၁၂၈ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မင်းဘူးမြို့ မန်းရေနံမြေအတွင်း၌ တရားမဝင်ရေနံစိမ်း ၁၂ ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၀၀၀) နှင့် အဆိုပါရေနံစိမ်းများတင်ဆောင်ထားသည့် မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ်၉၀၀၀၀၀)ကိုပြည်သူပိုင်ပစ္စည်း ကာကွယ်ရေးအက်ဥပဒေအရလည်းကောင်း၊ မကွေးမြို့ အောင်ရတနာရပ်ကွက်၌ လိုင်စင်မဲ့ New Anbo 125 မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၂၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဒီဇင်ဘာ ၁၀ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇာသပြင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ဘားအံမြို့မှ မော်လမြိုင်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၆၂၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Hiace တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၅၆၂၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲ မှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့မော်တော်ယာဉ်သုံးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ ညောင်လေးပင်ခရိုင်၊ တောင်ငူခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၂ ဒသမ ၈၂၄ တန်၊ သစ်မာ ၁ ဒသမ ၄၃၃ တန်၊ အခြားသစ် ၀ ဒသမ ၇၁၆ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၅၈၀၀၈ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား(မန္တလေး) စစ်ဆေးရေးစခန်း၌ မန္တလေးမြို့မှ စစ်ကိုင်းမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားမဝင်စက်သုံးဆီ ဓာတ်ဆီ ရှစ်ပီပါ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၀၄၄၂၄) နှင့် အဆိုပါ စက်သုံးဆီများ တင်ဆောင်လာသည့် Hyundai Porter II Pickup တစ်စီးနှင့် KIA Bongo III Pickup တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၆၀၄၄၂၄ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ (၂၅)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃၇၇၃၇၅၆၀) ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်၍ တရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

**❑ မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုး ဇေယျာသီရိမြို့နယ် ရွှေပေး - ရှားစေးဖိုကျေးရွာချင်းဆက်လမ်းကို ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း၊ ပျဉ်းမနားမြို့နယ် လဲလူးအိုင်ကျေးရွာရှိ နို့စားနွားမွေးမြူရေးခြံ နွားမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဒီဇင်ဘာ ၁၁**

နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးသည် နေပြည်တော်ကောင်စီဝင်များဖြစ်ကြသည့် ဦးဇေယျာလင်း၊ ဦးမင်းဦးနှင့် ဦးဟန်သူ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဇေယျာသီရိမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဇေယျာသီရိမြို့နယ် ရွှေပေး- ရှားစေးဖို ကျေးရွာချင်းဆက် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ **(ဝဲပုံ)**

ထို့နောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးက တင်ပြချက်များနှင့် စပ်လျဉ်း၍ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေရှည်ခိုင်ခံ့စေရေးကို တွက်ချက်ဆောင်ရွက်စေလိုကြောင်း၊ သတ်မှတ်စံချိန်စံညွှန်းပြည့်မီစေရေးနှင့် သတ်မှတ်ကာလအတွင်း ပြီးစီးစေရေး၊ လမ်းပခုံးသားများကို သတ်မှတ်ချက်နှင့်အညီဖြစ်စေရေးကိုအလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်းမှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးသည် ပျဉ်းမနားမြို့နယ် လဲလူးအိုင်ကျေးရွာရှိ ဦးဝင်းမောင်၏ လွတ်ကျောင်းစနစ်မှ ခြံလှောင်စနစ်ဖြင့် မွေးမြူထားသည့် နို့စားနွား ၂၆ ကောင် မွေးမြူထားရှိမှုအခြေအနေကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(မြန်/ဆက်)**

## ဖျာပုံမြို့နယ် ရှမ်းကွင်းကြီးကျေးရွာ၌ အမျိုးသမီးများအား အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာလှုပ်ရှားမှု အထိမ်းအမှတ် အသိပညာပေးဟောပြော

**ဖျာပုံ ဒီဇင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယကနှင့် တိုင်း/ခရိုင်/မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများသည် ဖျာပုံမြို့နယ် ရှမ်းကွင်းကြီးကျေးရွာ၌ အမျိုးသမီးများအား အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာလှုပ်ရှားမှုအထိမ်းအမှတ် အသိပညာပေးဟောပြောခြင်းကို ဒီဇင်ဘာ ၁၀ ရက်က အဆိုပါကျေးရွာ၌ ပြုလုပ်သည်။ **(အောက်ပုံ)**



အဆိုပါ အမျိုးသမီးများအား အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာလှုပ်ရှားမှု အထိမ်းအမှတ် အသိပညာပေး ဟောပြောပွဲ ပြုလုပ်ရာတွင် ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး အမျိုးသမီးကော်မတီ အတွင်းရေးမှူး တိုင်းဒေသကြီးလူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်မြမာလာစိုးကအမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။ ထို့နောက် ဖျာပုံခရိုင် ရဲတပ်ဖွဲ့မှ ဒုရဲအုပ် ဥမ္မာမြင့်က အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေး ဆိုင်ရာများကို အသိပညာပေး ပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင် (မြန်/ဆက်)**

## ကျောင်းကုန်းမြို့နယ် ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ ချောင်ကြီးတိုက်နယ်ဆေးရုံ၌ ကွင်းဆင်းကုသပေး

**ကျောင်းကုန်း ဒီဇင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများအဖွဲ့သည် ချောင်ကြီးတိုက်နယ်ဆေးရုံ၌ ဒေသခံပြည်သူများအား ယနေ့နံနက် ၉ နာရီက ကွင်းဆင်းကုသပေးသည်။

ကွင်းဆင်း ဆေးကုသရာသို့ မြို့ နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ အေးနိုင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြစန္ဒာညိုနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက ကြည့်ရှုအားပေးစကား ပြောကြားသည်။

အဆိုပါ ကွင်းဆင်းကုသမှုအစီအစဉ်တွင် အထွေထွေရောဂါ အထူးကုလူနာ ၄၅ ဦး၊ ခွဲစိတ်လူနာ လေးဦး၊ သားဖွားမီးယပ်လူနာ ၁၃ ဦး၊ အရိုးနှင့် ထိခိုက်ဒဏ်ရာလူနာ ၃၅ ဦး၊ တယ်လီဗေးရှင်းဓာတ်မှန်ရိုက်ခြင်း ၃၀၊ သွားနှင့် ခံတွင်းလူနာ ခြောက်ဦး၊ ကလေးလူနာ လေးဦး စုစုပေါင်း လူနာ ၁၃၇ ဦးအား ကျန်းမာရေး စောင့်ရှောက်မှုပေးခဲ့ပြီး ကွင်းဆင်းစဉ်အတွင်း အရိုးအကြောအဆစ်လူနာ သုံးဦးကို ချက်ချင်းခွဲစိတ်ပေးသည်။ ဆက်လက်၍ ဒေါင့်ကြီး တိုက်နယ်ဆေးရုံနှင့် ဝက်ချောင်းတိုက်နယ်ဆေးရုံတို့၌လည်း ကွင်းဆင်းကုသပေးမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းကြိုင်(မြန်/ဆက်)**



## ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ (ဒုတိယ) ဆယ်ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း (၁) ကြိမ် ဖြစ်ပေါ်နိုင်သည်။ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၆၄ ဒီဂရီဖာရင်ဟိုက်မှ ၇၄ ဒီဂရီ ဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း) နှင့် ကယားပြည်နယ်တို့တွင် ၇၅ ဒီဂရီဖာရင်ဟိုက်မှ ၈၅ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၆ ဒီဂရီဖာရင်ဟိုက်မှ ၉၆ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၃၄ ဒီဂရီဖာရင်ဟိုက်ခန့်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ၄၅ ဒီဂရီဖာရင်ဟိုက်မှ ၅၅ ဒီဂရီဖာရင်ဟိုက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့် မြောက်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် ၅၆ ဒီဂရီဖာရင်ဟိုက်မှ ၆၅ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့် အနောက်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၆၆ ဒီဂရီဖာရင်ဟိုက်မှ ၇၅ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် မွန်ပြည်နယ်တို့တွင် ၆၃ ရာခိုင်နှုန်းမှ ၇၄ ရာခိုင်နှုန်းအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၇၅ ရာခိုင်နှုန်းမှ ၈၄ ရာခိုင်နှုန်းအတွင်းနှင့် ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် ၈၅ ရာခိုင်နှုန်းမှ ၉၄ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ၁၇ မီလီမီတာမှ ၂၇ မီလီမီတာ အတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၂၈ မီလီမီတာမှ ၃၇ မီလီမီတာအတွင်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ၃၈ မီလီမီတာမှ ၄၇ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် (စိုစွတ်)အခြေအနေနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (ခြောက်သွေ့) အခြေအနေ အသီးသီးရှိနိုင်သည်။

**မိုး/ဇလ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဖျိုင်းရေအိုးစင်ရပ်ကွက်၊ အမှတ် (၅/၁၁)၊ ၃-လွှာ (အီး)နေ ဦးအောင်အောင်ထွန်း (၁၂/ကတတ(နိုင်)၀၂၆၅၀၄)၏ ဇနီးဖြစ်သူ ဒေါ်ဇင်မာဦး (၁၄/မမန(နိုင်)၂၂၉၄၂၄) နှင့်ပတ်သက်၍ ဖြစ်ပေါ်လာသည့် မည်သည့်ကိစ္စရပ်ကိုမဆို ဦးအောင်အောင်ထွန်းနှင့် မသက်ဆိုင်ပါကြောင်းနှင့် လုံး၀ (လုံး၀) တာ၀န်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်အောင်ထွန်း**
(၁၂/ကတတ (နိုင်)၀၂၆၅၀၄)

## ကန့်ကွက်နိုင်ပါကြောင်း

၁။ နေပြည်တော် ပျဉ်းမနားမြို့၊ ဘောဂသီရိအဝေးပြေး ယာဉ်ရပ်နားစခန်း စားသောက်ဆိုင်ခန်းအမှတ်(စ-၁၉) ဆိုင်ခန်းအား ဦးစိုးရှိန် ၁၂/မဘန(နိုင်) ၀၁၃၃၀၄ အမှတ်(၂၀၀၃)၊ သရဖီလမ်း၊ ရာဇသင်္ဂဟအိမ်ရာ၊ ဥတ္တရသီရိမြို့သို့ ထုတ်ပေးထားသော ဆိုင်ခန်းပိုင်ဆိုင်မှုမှတ်တမ်းစာအုပ်မူရင်း ရေနစ်ပျက်စီးသွားပါသဖြင့် ရပ်ကွက်၊ ရဲစခန်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ထောက်ခံချက်များဖြင့် ဆိုင်ခန်းပိုင်ဆိုင်မှုမှတ်တမ်းစာအုပ် မိတ္တူမှန် ပြန်လည်ထုတ်ပေးပါရန် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနသို့ လျှောက်ထားလာပါသည်။

၂။ အထက်ပါလျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အထောက်အထားခိုင်လုံစွာဖြင့် ဤကြေညာချက်ထွက်သည့်ရက်မှ (၁၄)ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနသို့ ကန့်ကွက်လွှာ တင်သွင်းလျှောက်ထားနိုင်ပါသည်။

၃။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက (သို့မဟုတ်)ကန့်ကွက်လွှာတွင် အထောက်အထားခိုင်လုံမှုမရှိပါက ဆိုင်ခန်းပိုင်ဆိုင်မှုမှတ်တမ်းစာအုပ် မိတ္တူမှန် ထုတ်ပေးနိုင်ရေး ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**အခွန်ဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကယားပြည်နယ်အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ကယားပြည်နယ်ညွှန်ကြားရေးမှူးရုံးမှ ၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကယားပြည်နယ်အတွင်း၌ အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လိုပါ၍ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| | လုပ်ငန်းတည်နေရာ | လုပ်ငန်းအမည် | Lot No |
|---|---|---|---|
| (က) | လွိုင်ကော်မြို့ | တိုက်အမှတ်(၁)ထိခိုက်ပျက်စီးမှုများအား အကြီးစားပြုပြင်မွမ်းမံခြင်း(ရေး၊မီးအပါ) | (27) |
| (ခ) | လွိုင်ကော်မြို့ | တိုက်အမှတ်(၂၅)ထိခိုက်ပျက်စီးမှုများအား အကြီးစားပြုပြင်မွမ်းမံခြင်း(ရေး၊မီးအပါ) | (33) |
| (ဂ) | လွိုင်ကော်မြို့ | တိုက်အမှတ်(၂၆)ထိခိုက်ပျက်စီးမှုများအား အကြီးစားပြုပြင်မွမ်းမံခြင်း(ရေး၊မီးအပါ) | (34) |
| (ဃ) | လွိုင်ကော်မြို့ | တိုက်အမှတ်(၂၈)ထိခိုက်ပျက်စီးမှုများအား အကြီးစားပြုပြင်မွမ်းမံခြင်း(ရေး၊မီးအပါ) | (36) |
| (င) | လွိုင်ကော်မြို့ | တိုက်အမှတ်(၃၄)ထိခိုက်ပျက်စီးမှုများအား အကြီးစားပြုပြင်မွမ်းမံခြင်း(ရေး၊မီးအပါ) | (37) |

၂။ **တင်ဒါလျှောက်လွှာ**

(က) စတင်ရောင်းချမည့်ရက်နေ့ - ၁၃-၁၂-၂၀၂၄ (သောကြာနေ့)ရုံးချိန်တွင်း
(ခ) ရောင်းချမည့်နေရာ - ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ လွိုင်ကော်မြို့။
(ဂ) အရောင်းပိတ်မည့်ရက်နေ့/အချိန် - ၂၃-၁၂-၂၀၂၄ (တနင်္လာနေ့)(၁၄၀၀)နာရီ
(ဃ) နောက်ဆုံးတင်သွင်းရမည့်ရက်နေ့/အချိန် - ၂၇-၁၂-၂၀၂၄ (သောကြာနေ့) - မွန်းလွဲ (၁၄၀၀)နာရီတိတိ

၃။ တင်ဒါဖွင့်မည့်ရက်နေ့အား သီးခြားထုတ်ပြန်ကြေညာသွားပါမည်။

၄။ တင်ဒါလျှောက်လွှာများအား သတ်မှတ်နှုန်းထားအတိုင်း ရောင်းချသွားမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့ ဖုန်း(၀၉-၄၂၀၀၈၉၁၈၅) သို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဘုရင့်နောင်၊ ဦးပိုင်အမှတ်(၈ᵃ)၊ ဧရိယာ ၀ ဒသမ ၀၇၂ ဧကရှိ ဦးတင်ဝင်းတိုး(ပါ) ၄ ဦး (ဦးတင်ဝင်းတိုး၊ ဒေါ်နီ၊ ဒေါ်စောရီ၊ ဒေါ်စောကြည်) (ဘ) ဦးတိုး ၉/ကတန(နိုင်)၀၀၄၇၄၇ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား ဦးတင်ဝင်းတိုး (ပါ) ၆ ဦး (ဦးတင်ဝင်းတိုး၊ ဒေါ်နီ၊ ဦးမြင့်စိုး၊ ဒေါ်ခင်အေးတင့်၊ ဒေါ်သွယ်သွယ်စိုး၊ ဒေါ်အိစန္ဒာအောင် (ဘ)ဦးတိုး ၉/ကတန(နိုင်)၀၀၄၇၄၇) တို့မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုရန်အတွက် မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေပုံ၊ မြေရာဇ၀င်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇ၀င် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၁ဃ/၉၅၀၃၃, Honda Wave 100, NCX, M/C ယာဉ်လက်ဝယ်ရှိသူ ဦးထက်ဝေယံ ၆/မမန(နိုင်)၂၀၈၄၀၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြိတ်)**

## အများသိစေရန်သတိပေးတားမြစ်ကြေညာခြင်း

